# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇၅)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း ၅ ရက် ၊ ၃၁–၅–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(မမ္ပဒ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ယခုဆွေးနွေးပွဲကြီး၏ ရလဒ်များသည် မြန်မာနိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရာ၌ အားကောင်းသည့်ကောက်ကြောင်းပုံရိပ်များအဖြစ် အကျိုးပြုနိုင်မည်ဟု မျှော်လင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် မေ ၃၀

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာမှ သံတမန်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်

စာမျက်နှာ ၃ သို့ ✪

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၀

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၀–၀–၀–၀–၀

၂၀၂၅ ခုနှစ်၊ မေ ၃၁ ရက်၊ စနေနေ့။

မန္တလေး

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့်ကုမ္ပဏီများ ပူးပေါင်းကာ မျိုး၊ မြေဩဇာ သွင်းအားစုပေးအပ်ခြင်း၊ သမဝါယမလယ်ယာ ဝန်ဆောင်မှု သရုပ်ပြခြင်းနှင့် စုပေါင်းထွန်ယက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရန် သမဝါယမစနစ်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် တစ်ဦးချင်းလုပ်ကိုင်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန်နှင့် တစ်ဦးချင်းအတွက်သာမက စုပေါင်းဆောင်ရွက်ခြင်းမှ ရရှိလာသော အကျိုးအမြတ်များကို အသင်းသားများအားလုံး အကျိုးဖြစ်ထွန်းရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်သား ရှားပါးခြင်း၊ စိုက်ပျိုးချိန်အမီ ထွန်ယက်နိုင်ရန် ထွန်စက်၊ ရိတ်စက်များ မရရှိခြင်း၊ အရည်အသွေးပြည့်မီသော သီးနှံမျိုးစေ့များနှင့် သွင်းအားစု လိုအပ်ခြင်းများ စသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို သိရှိရသဖြင့် ယခုကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစု အချိန်မီရရှိရေး လယ်ယာဝန်ဆောင်မှု ချိတ်ဆက်အခမ်းအနားများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နေပြည်တော်အပါအဝင် မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများ၌လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ထွန်စက်ရောင်းချသည့်ကုမ္ပဏီများနှင့်ချိတ်ဆက်၍ လယ်ယာသုံးစက်ကိရိယာ ၅၈ စီးကို သမဝါယမအသင်းသား တောင်သူများအတွက် ရောင်းချပေးခဲ့ပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မေ ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရုံးပင်ဇောင်းကျေးရွာ၌ ကျင်းပသည့် မျိုး၊ မြေဩဇာ သွင်းအားစုပေးအပ်ခြင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြခြင်းနှင့် စုပေါင်းထွန်ယက်ခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများအနေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုရှိ မြို့နယ်(၁၃၂) မြို့နယ်၊ သမဝါယမအသင်း ၁၆၂ သင်းမှ အသင်းသားများသို့ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီးနှင့် အခြားစက် ၆၄ စီး၊ စုစုပေါင်းစက် ၆၃၀ စီးဖြင့် ထွန်ယက်ဧက ၃၈၅၀၂၀ ဒသမ ၆၇ ဧကနှင့် ရိတ်၊ ခြွေဧက ၆၇၉၄၈ ဒသမ ၈၅ ဧကတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နေပြည်တော်တွင် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်စက်ကိရိယာများနှင့် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများမှ စက်ကိရိယာ ၃၄ စီးတို့ဖြင့် ထွန်ယက်ဧက ၁၉၁၈၇ ဧကနှင့် ရိတ်၊ ခြွေဧက ၅၅၉၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တောင်သူများကလည်း မျိုး၊ မြေ၊ ရေ၊ နည်းစနစ် မှန်ကန်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်နှစ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ကာ ပြင်ဆင်စိုက်ပျိုးမှသာ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိလာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

စီမံကိန်းသီးနှံများ စိုက်ပျိုးမည့် အသင်းသားတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသည့် မျိုး၊ သွင်းအားစုများကို စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းထွန်ယက်ခြင်း၊ အချိန်မီ စုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းစသည့် နည်းလမ်းများနှင့် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



## မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ မုခ်ဦးကျွန်းတံခါးကြီးအား ပြန်လည်တပ်ဆင်ပြီးစီး

**မန္တလေး မေ ၃၀**

မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားတွင် ရှေးနှစ်ပေါင်း (၁၆၀)သက်တမ်းရှိ မုခ်ဦးကျွန်းတံခါးကြီးသည် မန္တလေးငလျင်ကြီးကြောင့် ပြုတ်ကျသွားခဲ့ရာ ပြုတ်ကျသွားသည့် ကျွန်းတံခါးကြီးအား ဂေါပကအဖွဲ့မှ ဦးစီးပြီး သစ်လုပ်ငန်းမှ ဖော့ကလစ်ကား အကူအညီဖြင့် ဝန်ထမ်းများက စုပေါင်း၍ မူလအတိုင်း ယနေ့နေ့လယ်ပိုင်းက အောင်မြင်စွာ ပြန်လည်တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ကူမဲ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်နှင့် ကူမဲမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များအား ရည်ညွှန်းသတ်မှတ်ဈေးအတိုင်း ရောင်းချခြင်း သတ်မှတ်ခွင့်ပြုထားသည့် လိုင်စင်များ ပြည့်စုံမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ ကူမဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်နှင့် မီးသတ်ဦးစီးဌာနမှ ကူမဲမြို့ တာဝန်ခံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ဦးဆောင်၍ စက်သုံးဆီအရောင်းဆိုင်များအား ရည်ညွှန်းသတ်မှတ်ဈေးအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ပေါက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၃၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးအလွန်မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**◎ ရှေ့ဖုံးမှ**

အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားအား "ပြန်လည်ထူထောင်ရေး"သီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်ပြီး "မြေငလျင်ဘေးအလွန် အကျပ်အတည်းများအကြားမှ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ကာ ကျော်လွှားကြမည်" Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ် ငြိမ်သက်စွာ ရပ်တန့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဖိုရမ်ကြီးကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်းပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်စေရန် ဟူသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးနေသူ ၆၈ ဦး ရှိခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးပြီးချင်း၌ ပင် ပျက်စီးဆုံးရှုံးမှုပမာဏ များပြားသည်ကိုတွေ့ရသည့်အတွက် မိမိအနေဖြင့် ချက်ချင်းဆိုသကဲ့သို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ အကူအညီများပေးအပ်နိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၃၁၀၉ ဒသမ ၃၁၇ ရရှိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၀၇၀၊ ကျန်းမာရေး စောင့်ရှောက်ရေးပညာရှင်များနှင့် ဆရာဝန်များ ၂၈၇ ဦးတို့ လာရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြကြောင်း။

ငလျင်လှုပ်ပြီးချိန်တွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် အကူအညီများသည် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းခရီးများမှ တစ်ဆင့် ရောက်ရှိလာခဲ့ကြကြောင်း၊ ယင်းအတွက် မန္တလေးငလျင်ကြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီခဲ့ကြသည့် နိုင်ငံများမှ အစိုးရများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အလှူရှင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းကို နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများကိုယ်စား ပြောကြားလိုကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားပျက်စီးဆုံးရှုံးမှုများသည် အလွန်ကြီးမားခဲ့ကြောင်း၊ တွက်ချက်ထားမှုအရ ငွေကျပ် ၃၆၂၉ ဒသမ ၂၀၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မိမိတို့အားလုံး ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်သည် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မြန်မာ့စီးပွားရေးကို မည်သို့ ပြန်လည်ကုစားမည်၊ မည်သို့ ပြန်လည်ထူထောင်ကြမည်၊ ထိုသို့ ပြန်လည်ကုစား၊ ပြန်လည်ထူထောင်မှုများမှ မည်သည့် အခွင့်အလမ်းများ ရှိလာနိုင်မည်ကို လူမှုစီးပွားအမြင်ရှုထောင့်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာပညာရှင်များ၏ သုံးသပ်မှုများ၊ လက်တွေ့ ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေး နယ်ပယ်အသီးသီးမှ အကြံပြုချက်များကို စုစည်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ ယခုနေရာကို စုဝေးရောက်ရှိလာကြခြင်းသည် မိမိတို့ မည်မျှဆုံးရှုံးခဲ့သည်ကို တွက်ချက်ဖော်ပြဝမ်းနည်းနေကြခြင်းထက် မီးလျှံထဲက ဖီးနစ်ငှက်ကဲ့သို့ မိမိတို့ မည်သို့ပြန်လည်နိုးထ ရုန်းကန်ရှင်သန်ကြမည်၊ မည်သို့ ပြန်လည်တည်ဆောက်ကြမည်၊ ယင်းထက် အရေးကြီးသည်မှာ မည်သို့ ပိုပြီးကောင်းအောင် တည်ဆောက်ကြမည်ဆိုသည်ကို နိုင်ငံချစ်စိတ်အခြေခံပြီး စည်းလုံးချစ်ခင်ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ကြရန်ပင် ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီးသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများဖြစ်ခဲ့ရုံမျှမက မိမိတို့၏ လူမှုစီးပွားဘဝများ၊ သယ်ယူပို့ဆောင်ရေးများ၊ စွမ်းအင်များ၊ ဆက်သွယ်ရေးများကိုပါ ဖျက်ဆီးဖြတ်တောက်ခဲ့ကြောင်း၊ အသက်များဆုံးရှုံးခဲ့ရပြီး ငလျင်ဘေးသင့်ပြည်သူများသည် နေရပ်များယာယီရွှေ့ပြောင်းခဲ့ရကြောင်း၊ ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို ထိခိုက်စေခဲ့သကဲ့သို့ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင်လည်း ရိုက်ခတ်မှုများ အထိုက်အလျောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း ယခု မိမိတို့သည် အင်အားရှိလှသည့် အမှန်တရားတစ်ခုနှင့် နိုးထလာခဲ့ကြကြောင်း၊ ယင်းအမှန်တရားသည် မြန်မာလူမျိုးများ၏ ပြင်းပြသည့်စိတ်ဓာတ်နှင့် စုစည်းညီညွတ်မှုသည် ငလျင်ကြောင့် ကျိုးပဲ့ပျက်စီးသွားမှုမရှိဘဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာ ပြောလိုကြောင်း။

မိမိ၏ ယခုဆွေးနွေးပြောဆိုမှုသည် တွေးတောစဉ်းစားမှု တစ်ခုသာမျှမကဘဲ လမ်းပြမြေပုံတစ်ခုအတွက် အုတ်မြစ်ချခြင်းဟုလည်း ပြောလိုကြောင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအလွန် စီးပွားရေး ပြန်လည်ကုစားကြရာတွင် မိမိတို့၏ စုပေါင်းရှုမြင်မှုများနှင့်အတူ ဆောင်ရွက်သင့်သည့် မဟာဗျူဟာမြောက်မဏ္ဍိုင်ကြီးသုံးရပ်ကိုမိမိသုံးသပ်ပြောကြားလိုကြောင်း။

ယင်းသုံးရပ်မှာ ပထမ မဏ္ဍိုင်အဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး (Humanitarian Relief and Social Protection)၊ ဒုတိယမဏ္ဍိုင်အဖြစ်အခြေခံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေး ပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival) နှင့် တတိယမဏ္ဍိုင်အဖြစ် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ(Reform anchored in resilience and inclusivity) စသည်တို့ ဖြစ်ကြကြောင်း။

ပထမဆုံးမဏ္ဍိုင်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေးအနေဖြင့် ငလျင်သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီး မိမိတို့၏ ဦးစားပေးမှုသည် ရိုးရှင်းပြီး အဆောတလျင်လုပ်ရမည့် ကိစ္စဖြစ်သည့် အသက်များကို ကယ်တင်ရန်နှင့် လူမှုအသိုက်အဝန်း တည်ငြိမ်မှုရရှိစေရန် မိမိတို့ စတင်လုပ်ဆောင်ခဲ့ကြကြောင်း၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအကြားတွင် သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆောင်ရွက်နေခြင်းများအပေါ်တွင် ပိုမိုထိရောက်အောင် အရှိန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ငလျင်ကြီးကြောင့် လူပေါင်းခြောက်သိန်းခန့်အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိခဲ့ပြီး လူထောင်ပေါင်းများစွာ အိုးအိမ်ရွှေ့ပြောင်းခဲ့ရကြောင်း၊ ငလျင်ဘေး ကြီးမားစွာခံစားရသည့်ဒေသများတွင် ငလျင်လှုပ်အပြီး ၇၂ နာရီအတွင်း အရေးပေါ် ရွက်ဖျင်တဲများကိုတည်ဆောက်ပေးခဲ့ကြောင်း၊ သန့်ရှင်းသည့် ရေ၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ငလျင်ကြောင့် ပျက်စီးခဲ့သည့်ဒေသများတွင် ရွှေ့ပြောင်းဆေးရုံနှင့် ဆေးခန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများကို အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း၊ လူမှုအသိုက်အဝန်းကြား အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ဘေးမှ လွတ်မြောက်လာသူများ၏ စိတ်ထိခိုက်ခံစားမှုများအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ကြကြောင်း။

သို့သော်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍မရကြောင်း၊ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခု အတွင်းသို့ ကူးပြောင်းပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ယာယီနေအိမ်မှ ငလျင်ဒဏ်ခံနိုင်သည့် အမြဲတမ်းနေအိမ်များ ဆောက်လုပ်ပေးခြင်း၊ နေရာရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည့် ကလေးငယ်များကို လုံခြုံစိတ်ချရသည့် ကျောင်းများနှင့်

❖ မန္တလေးငလျင်ကြီးသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများဖြစ်ခဲ့ရုံမျှမက မိမိတို့၏ လူမှုစီးပွားဘဝများ၊ သယ်ယူပို့ဆောင်ရေးများ၊ စွမ်းအင်များ၊ ဆက်သွယ်ရေးများကိုပါ ဖျက်ဆီးဖြတ်တောက်ခဲ့၊ အသက်များဆုံးရှုံးခဲ့ရပြီး ငလျင်ဘေးသင့်ပြည်သူများသည် နေရပ်များယာယီရွှေ့ပြောင်းခဲ့ရ

❖ ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို ထိခိုက်စေခဲ့သကဲ့သို့ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင်လည်း ရိုက်ခတ်မှုများ အထိုက်အလျောက်ရှိခဲ့၊ သို့သော်လည်း ယခု မိမိတို့သည် အင်အားရှိလှသည့် အမှန်တရားတစ်ခုနှင့် နိုးထလာခဲ့၊ ယင်းအမှန်တရားသည် မြန်မာလူမျိုးများ၏ ပြင်းပြသည့်စိတ်ဓာတ်နှင့် စုစည်းညီညွတ်မှုသည် ငလျင်ကြောင့် ကျိုးပဲ့ပျက်စီးသွားမှုမရှိဘဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာ ပြောလို

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မန္တလေးငလျင်ကြီးကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ရပ်တန့်ကြစဉ်။

»»» စာမျက်နှာ ၃ မှ

စာသင်ခန်းများတွင် တက်ရောက်နိုင်စေရေး ဆောင်ရွက်ပေးခြင်းနှင့် ပင်မဝင်ငွေ ဆုံးရှုံးခဲ့ရသည့် မိသားစုများအတွက် အရေးပေါ် အသက်မွေးဝမ်းကျောင်း ထောက်ပံ့ငွေများ ပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည် လူမှုအကာအကွယ်ပေးမှု အစီအစဉ်၏ အစိတ်အပိုင်းများဟု ပြောနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပထမ မဏ္ဍိုင်သည် ပြည်သူ့အရေး ဦးတည်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ဒုတိယမဏ္ဍိုင်ဖြစ်သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် စီးပွားရေးပြန်လည်ရှင်သန်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ငလျင်ကြောင့် ဖြစ်ပေါ်ရသည့် စီးပွားရေးကဏ္ဍ ထိခိုက်ဆုံးရှုံးမှုများသည် ကြီးမားလှကြောင်း၊ လမ်းများသည် ဆိုးဆိုးရွားရွားပျက်စီးခဲ့ပြီး တံတားများ ပြိုကျခဲ့ကြောင်း၊ MSME များမှအစ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းကြီးများ ထိခိုက်ပျက်စီးခဲ့ကြကြောင်း။

သို့သော်လည်း အကျပ်အတည်းများထဲမှ အခွင့်အလမ်းများရှိနေသည်ကို မိမိတို့ သတိပြုရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ပြန်လည်တည်ဆောက်ရုံသက်သက် ကာလမဟုတ်ကြောင်း၊ ပိုပြီးကောင်းမွန်သည့် ပိုပြီးစိမ်းလန်းသည့် လူမှုဝန်းကျင်များကို ပြန်လည်တည်ဆောက်နိုင်မည့် အခွင့်အလမ်းများလည်း ရှိနေကြောင်း၊ မိမိတို့သည် ကြံ့ကြံ့ခံသည့် အခြေခံအဆောက်အအုံများဖြင့် ပြန်လည်ထူထောင်ရေးအမျိုးသားအဆင့်အစီအစဉ်ကို စနစ်တကျ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်တွင် ပြည်တွင်းရန်ပုံငွေများ၊ အစိုးရနှင့် ပုဂ္ဂလိကတို့၏ မိတ်ဖက်ဆောင်ရွက်မှုများ (Public-Private Partnerships)နှင့် နိုင်ငံတကာအကူအညီများကို ထည့်သွင်းပါဝင်စေပြီး အဓိကကျသည့် နယ်ပယ်ငါးခုတွင် ပြန်လည်ထူထောင်ရေးများ ဦးစားပေးလုပ်ဆောင်သင့်ကြောင်း။

ယင်းနယ်ပယ်များမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ စိုက်ပျိုးရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးနှင့် အများပြည်သူပိုင် အဆောက်အအုံများပင်ဖြစ်ကြကြောင်း၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့်အတူ မိမိတို့သည် မြန်မာ့စီးပွားရေး၏ ကျောရိုးပမာဖြစ်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း MSME များ ပြန်လည်ရှင်သန်လာအောင်လည်း အာရုံစိုက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ငလျင်ဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ကြမည်ဟုလည်း မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ထူထောင်ရေးဖိုရမ်ကဲ့သို့ ပွဲမျိုးကျင်းပခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဖိုရမ်တွင် ပြန်လည်ထူထောင်ရေးဇုန် (Recovery zones)များကို သတ်မှတ်ခွင့်ပြုခြင်း၊ လုပ်သာကိုင်သာရှိသည့် သက်သာခွင့်မက်လုံးပေးခြင်းနှင့် ESG-focused regulations ဟုခေါ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဝန်းကျင်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်မှုကောင်းမွန်ရေး အခြေခံသည့် လုပ်ထုံးလုပ်နည်းများကိုပါ ဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဟု ယူဆကြောင်း။

တတိယမဏ္ဍိုင်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ပြုခြင်း(Reform and Global Partnerships) အစီအစဉ်များပင်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ခြင်းဟု ဆိုလိုက်ပါက ရုပ်ပိုင်းဆိုင်ရာထက် ကျော်လွန်ပြီး အဓိပ္ပာယ်သက်ရောက်မှုရှိသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ခြင်းသည် ပြုပြင်ပြောင်းလဲခြင်းနှင့် ပြန်လည်အသစ်တည်ခြင်းတို့၏ လုပ်ငန်းစဉ်တစ်ခုဟု ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာ၌ မိမိတို့သည် ကာလရှည်ချဉ်းကပ်မှုကြီးသုံးခုကို လုပ်ဆောင်သင့်ပြီး ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်အတွက် အသင့်ပြင်ဆင်ထားရှိမှု၊ ငွေကြေးဘဏ္ဍာရေးအရ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အားလုံးခြုံငုံသည့် ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် အသင့်ပြင်ဆင်ထားရှိမှုကို ချဉ်းကပ်လုပ်ဆောင်ရာတွင်မိမိတို့သည်သဘာဝဘေးအန္တရာယ် မြင့်မားမှုရှိနေသည့် နေရာပြ အမျိုးသားအဆင့် မြေပုံတစ်ခုကို နောက်ဆုံးအချက်အလက်များနှင့်အတူရေးဆွဲပြီး အခြေခံဆောင်ရွက်သင့်ကြောင်း၊ အချက်ပေးစနစ်များ စောစီးစွာတပ်ဆင်ကြရမည်ဖြစ်ပြီး ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး ပြန်လည်ရေးဆွဲကြရန်လိုကြောင်း။

ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုရာတွင်လည်း မိမိတို့သည် ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေများ ခွဲဝေသုံးစွဲမှုများကို ထင်သာမြင်သာရှိစေရမည်ဖြစ်ပြီး အလေအလွင့်မရှိစေရေးနှင့် တိုးတက်ရေးအတွက် အမြဲစောင့်ကြပ်ကြည့်ရှုမည့် ယန္တရားများကိုလည်း ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တတိယချဉ်းကပ်မှုဖြစ်သည့် အားလုံးခြုံငုံပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုဟူသည်မှာ အမျိုးသမီးများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်သူအားလုံး ခြုံငုံပါဝင်စေမည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း။

မိမိတို့၏ ပြန်လည်ထူထောင်ခြင်းအစီအစဉ်များကို ဆောင်ရွက်ကြသည့်အခါ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ မိတ်ဖက်များနှင့်အတူ လက်တွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ငလျင်ဘေးပြန်လည်ထူထောင်ခြင်းကို ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံဆောင်ရွက်ကြရန် လိုအပ်သည်ကိုလည်း သုံးသပ်ပြောကြားလိုကြောင်း၊ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည် နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်း ဖြစ်သည်ဟု ပြောလိုကြောင်း၊ အနာဂတ်တွင် အခြေခံအဆောက်အအုံများသည် ကြံ့ကြံ့ခံနိုင်ပြီး အုပ်ချုပ်မှုတွင် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့်၊ မျှတစွာဖွံ့ဖြိုးတိုးတက်သည့် အခြေခံကောင်းများ ရှိနေရမည်ဖြစ်ကြောင်း။

မိမိတို့အစီအစဉ်တွင် ပါဝင်ကြရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် မိမိတို့ကို ထောက်ခံအားပေးရုံမျှမကဘဲ"အမြင်သစ် မြန်မာနိုင်ငံ"(A new vision of Myanmar) အတွက် မိမိတို့နှင့်အတူ ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုကြောင်း၊ ယင်းအနာဂတ်မြန်မာနိုင်ငံကို ပိုပြီးစည်းလုံးညီညွတ်သည့်၊ ပိုပြီးခြုံငုံပါဝင်ကြသည့်၊ အနာဂတ်ကိုအသင့်ဖြစ်နေမှု၊ ပိုပြီးခိုင်မာနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် မိမိတို့ ပုံဖော်တည်ဆောက်လိုပြီး တည်ဆောက်ရန်လည်း လိုအပ်ပါကြောင်း။

မိမိတို့ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြသခဲ့ကြသည့် ပြည်သူများ၏ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဇွဲလုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားအရင်းအနှီးများဖြစ်သည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံကို ပြန်လည်ထူထောင်ကြမည့် ခရီးရှည်တွင် မိမိတို့ ပြည်သူများသည် မိမိတို့ကို ဦးဆောင်ခေါ်သွားမည့် ယုံကြည်မှုအလင်းတန်းများ ဖြစ်ကြသည်ဟုလည်း တင်စားပြောကြားလိုကြောင်း၊ မိမိတို့ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ " We are Stronger, We are Together"ဟူသည့် စိတ်သဘောထား ခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲကြီး၏ ရလဒ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို လှပစွာပုံဖော်ရာ၌ အားကောင်းသည့် ကောက်ကြောင်းပုံရိပ်များအဖြစ် အကျိုးပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆွေးနွေးပွဲမှရရှိလာသည့် အတွေးအမြင်များ၊ ဗဟုသုတများ၊ ရလဒ်ကောင်းများကို မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာချမှတ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်အောင် ဝိုင်းဝန်းကြံဆောင်ပေးကြရန်နှင့် အနာဂတ်နိုင်ငံတော်ကြီးကို ပိုမိုလှပသည့်၊ အနာဂတ်ကို ပိုမိုထွန်းလင်းသောအလင်းတန်းများနှင့်အတူ ဖန်တီးပုံဖော်တည်ဆောက် ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် မိမိအနေဖြင့် အနည်းငယ် ဖြည့်စွက်ဆွေးနွေးပြောကြားလိုကြောင်း၊ သဘာဝဘေးဒဏ်များ ကြုံတွေ့ရမှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ပြီးချိန်နောက်ပိုင်းရာသီဥတု ဖောက်ပြန်မှုများကြောင့် သာမကဘဲ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုများကိုပါ ကျော်လွှားခဲ့ရကြောင်း၊ အလားတူ နိုင်ငံရေး သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများကိုလည်း ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းအထိ ကျော်လွှားခဲ့ရကြောင်း၊ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကိုလည်း ကျော်လွှားနေရဆဲဖြစ်ကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း တိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးဒဏ်များကို ခံစားခဲ့ရကြောင်း၊ ယခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် မန္တလေးတိုင်းဒေသကြီး၌ ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ ဒုတိယစီးပွားရေးအကြီးဆုံးမြို့တော်ဖြစ်ကြောင်း၊ ၎င်းဒေသ၌ အလတ်စားအဆင့် ဘိလပ်မြေနှင့် သံမဏိ ထုတ်လုပ်ခြင်းများရှိပြီး ငလျင်ကြောင့် ထိခိုက်ခဲ့ရကြောင်း၊ ဘိလပ်မြေနှင့် သံမဏိများသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ပစ္စည်းများဖြစ်၍ အမြန်ဆုံးပြန်လည်ပြုပြင်၍ လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဘိလပ်မြေဈေးများမှာ မြင့်တက်လာသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သံနှင့်ပတ်သက်၍လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် ပြည်ပနိုင်ငံများမှ အကူအညီများ ရရှိနိုင်ရေး မိမိအနေဖြင့် အသိပေးဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း။ စာမျက်နှာ ၅ သို့ »»»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာရှင်များက "မြန်မာပြည် ဇာမဏီ" သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၄ မှ

စက်ရုံအလုပ်ရုံများ လည်ပတ်နိုင်ရေးကုန်ကြမ်း၊ သွင်းအားစုများဖြစ်ကြသည့်လောင်စာနှင့် လျှပ်စစ်ဓာတ်အား၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးနှင့် လုပ်အားများလိုအပ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ဒေသတွင်းထုတ်လုပ်နိုင်သည့်ကုန်ကြမ်းများဖြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံချိန်များ၌ မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်လာနိုင်မည်ဆိုပါကပြည်တွင်း၌ ကုန်ပစ္စည်းများပေါများလာမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများလည်ပတ်မှုရှိနေပါက အလုပ်အကိုင်အခွင့်အလမ်းများပေါများပြီး ငွေကြေးလည်ပတ်မှုများကိုကောင်းမွန်လာစေကာဝယ်လိုအားနှင့် ရောင်းလိုအားများလည်းမျှတကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများလည်ပတ်၍ငွေကြေးလည်ပတ်မှုများ ကောင်းမွန်အောင်မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒုတိယအကြီးမားဆုံး ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်မြေဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ပိုမိုအာရုံစိုက်၍ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ GDP မှာ နည်းပါးနေသေးကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချသည့် ပစ္စည်းများတွင် ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ပစ္စည်းများပိုမိုထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု၌ ၂ ဒသမ ၃ ဘီလီယံခန့် ပိုငွေပြခဲ့ကြောင်း၊ သို့သော် Non Trade တွင် လိုငွေပြသမှုများပြားကြောင်း၊ မိမိတို့အစိုးရလက်ထက်လေးနှစ်အတွင်း ပထမနှစ်တွင် ကုန်သွယ်မှုပိုငွေပြပြီး ဒုတိယနှင့် တတိယနှစ်တို့တွင် ကုန်သွယ်မှု လိုငွေများပြခဲ့ကြောင်း၊ စတုတ္ထနှစ်တွင် ကုန်သွယ်မှုပိုငွေပြခဲ့ပြီး စုစုပေါင်း လေးနှစ်တာကာလအတွင်း ကုန်သွယ်မှု ပိုငွေပြခဲ့ကြောင်း၊ သို့သော် Non Trade တွင် လိုငွေပြမှုများကြောင့် နိုင်ငံခြားငွေဈေးများ မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းများကို စိစစ်သည့်အခါတွင် ပြည်ပသို့ထွက်ခွာမှုများ များပြားသည်ကိုတွေ့ရပြီး နိုင်ငံခြားငွေသုံးစွဲမှုများပြားကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေများပြန်လည်ရရှိစေရေး စက်ရုံအလုပ်ရုံများ လည်ပတ်၍ ပို့ကုန်များပိုမိုတိုးတက်တင်ပို့နိုင်အောင် ထုတ်လုပ်သွားရန်လိုကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများဆောင်ရွက်နေကြသူများအနေဖြင့် ပိုမိုလည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိ၏စီးပွားရေးနှင့်ပတ်သက်သည့်မူဝါဒမှာ "ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်" ဖြစ်ကြောင်း၊ သို့မှသာ ဈေးကွက်တွင် ရောင်းအားများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အရေအတွက်များများ ရောင်းချထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ပြည်တွင်း ထုတ်ကုန်များကိုလည်း အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ Non Trade မှ လိုငွေများတွင် ပြည်ပမှ တရားမဝင်ပစ္စည်း တင်သွင်းမှုများလည်း ပါဝင်ပြီး တရားမဝင်ရောင်းဝယ်မှုများရှိကြောင်း၊ ပြည်ပမှ မှာယူတင်သွင်းသည့် ပစ္စည်းများပြားနေသည်ကို တွေ့မြင်နေရပြီး ယင်းနေရာတွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့်အစားထိုးနိုင်ရေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်ခန့်ကတည်းက MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အရည်အသွေးမြင့် MSME ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရကြောင်း၊ သို့သော်လည်း အဆိုပါ ထုတ်ကုန်ပစ္စည်းများသည် စားသောက်ကုန်ကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းအများစုဖြစ်နေသည်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်မည့် MSME ထုတ်ကုန်ပစ္စည်းများကို ဆက်လက်တိုးမြှင့်ထုတ်လုပ်သွားကြရန် လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

ရင်းနှီးမြှုပ်နှံမှု ငွေကြေးများနှင့်ပတ်သက်၍ ငလျင်နှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံငွေများ လိုအပ်မည်ဖြစ်ပြီး ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်း၍ ချေးငွေများဆောင်ရွက်ပေးနိုင်ရန်တင်ပြမှုများရှိကြောင်း၊ အတိုးများ တွက်ချက်ရာတွင် Developing နှင့် Commercial ဟူ၍ရှိမည်ဖြစ်ပြီး Developing လုပ်ငန်းများတွင် အတိုးနှုန်း သက်သာစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ Commercial နှင့်ပတ်သက်၍လည်း နှစ်ပိုင်းရှိမည်ဖြစ်ပြီး ငလျင်ဒဏ်သင့် ဒေသများတွင်ရှိသည့် Commercial အတိုးနှုန်းနှင့် အခြားဒေသများရှိ Commercial အတိုးနှုန်းဟူ၍ ဖြစ်ကြောင်း၊ ဖြစ်နိုင်သရွေ့ အတိုးနှုန်း သက်သက်သာသာဖြင့် ဖြစ်စေရေး တာဝန်ရှိသူများ၊ အတွေ့အကြုံရှိသူများ အနေဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများအတွက် ချေးငွေများ ဆောင်ရွက်ပေးနိုင်ရေး ငွေကျပ်ဘီလီယံ ၇၀၀ ကိုလျာထားပြီး ရင်းနှီးမြှုပ်နှံမှုများအတွက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့်ပတ်သက်၍လည်း မိမိတို့ထံတွင် လက်ကျန်ငွေကျပ် ၂၂၆ ဘီလီယံခန့်ရှိကြောင်း၊ ယင်းငွေများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း ထုတ်ပေးသွားလိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို စက်ရုံ၊ အလုပ်ရုံများတွင် အကျိုးရှိရှိသုံးစွဲသွားနိုင်ရေးအတွက်လည်း ထည့်သွင်းဆွေးနွေးပေးစေလိုကြောင်း။

> ★ နောင်အနာဂတ်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ ရစ်(ခ်ျ)တာစကေး ၈ အဆင့်အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကို ဆောက်လုပ်သွားရန် မူဝါဒချမှတ်ပေးထားပြီးဖြစ်၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်နိုင်ငံသားများအတွက်သာဖြစ်
>
> ★ တာဝန်ရှိသူများ အနေဖြင့်လည်းစနစ်တကျဖြင့် ကြပ်မတ်ကွပ်ကဲသွားကြရန်လို၊ ငလျင်သဘာဝဘေးနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ငွေကြေးကုန်ကျမှုများကို မကြည့်ဘဲ ယခုထက်ပိုသည့်၊ စိတ်ချရသည့်၊ ခိုင်ခံ့မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု ခံယူဆောင်ရွက်

မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်ရေးကို ကြိုးစားရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း၊ ယင်းကို ဖြေရှင်းနိုင်သည့်နည်းလမ်းမှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုမရှိဘဲ ကုန်ဈေးနှုန်းကျဆင်းရန်မှာ မည်ကဲ့သို့မျှ မဖြစ်နိုင်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား၊ ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့မျှတအောင် မိမိတို့အနေဖြင့် ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဒေသတွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းစီးပွားရေးစနစ်ကိုသွားသည့် နိုင်ငံတစ်ခု မဟုတ်ဘဲ ဈေးကွက်စီးပွားရေးစနစ်ကို သွားသည့်နိုင်ငံဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးခြင်းသာဖြစ်ပြီး ပုဂ္ဂလိကများ၊ လုပ်ငန်းရှင်များက လုပ်ဆောင်ရမည်ဖြစ်ကာ ထိုသို့လုပ်ဆောင်နိုင်မှသာလျှင် ကုန်ဈေးနှုန်းများကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေး၊ သောက်ရေးတို့အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းများပြည့်မီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံမှ ၁၁ ဘီလီယံအထိ ဆုံးရှုံးမှုရှိနေကြောင်း၊ ထို့အတူ သီးထပ်စွမ်းအားများ ပြည့်မီရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်တက်လာမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ပိုမိုတင်ပို့သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီဝင်တည်ရှိနေမှု အနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ကြီးမားသည့်ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးသွားကြစေလိုကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ အဆောက်အအုံများ၊ လမ်း၊ တံတားများ ရှိပြီး ထိခိုက်ပျက်စီးခဲ့ရမှုများကို သင်ခန်းစာယူကြရန်လိုကြောင်း၊ နောင်အနာဂတ်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ ရစ်(ခ်ျ)တာစကေး ၈ အဆင့်အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကို ဆောက်လုပ်သွားရန် မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်နိုင်ငံသားများ အတွက်သာဖြစ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်ကွပ်ကဲသွားကြရန်လိုကြောင်း၊ ငလျင်သဘာဝဘေးနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ငွေကြေးကုန်ကျမှုများကို မကြည့်ဘဲ ယခုထက်ပိုသည့်၊ စိတ်ချရသည့်၊ ခိုင်ခံ့မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု ခံယူ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခု ဆွေးနွေးပွဲတွင် ငလျင်သဘာဝဘေး အလွန် ပြန်လည်ထူထောင်ခြင်းနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ဆောင်ရွက်ရန် လိုအပ်သည်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် အကြံပြုတိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာရှင်များက "မြန်မာပြည် ဇာမဏီ" သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ ပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery) ကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေး အသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်၍ မေ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank-MNTT)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းကျင်းပသော "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"သုံးသပ်ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆွေးနွေးပြောကြားစဉ်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ငလျင်ဒဏ်ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံအများအပြားက ကူညီကယ်ဆယ်ရေးအဖွဲ့များ မြန်မာနိုင်ငံကို ရောက်ရှိကြပြီး မြန်မာပြည်သူများနှင့် မြန်မာ့ရေမြေကို တိုက်ရိုက်ထိတွေ့ခွင့်ရရှိခဲ့ကြရာတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးကို ပြန်ရောက်သည့်အချိန် မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့်ပတ်သက်သည့် သတင်းစကားများ သယ်ဆောင်သွားခဲ့ကြပါကြောင်း၊ မျက်မှောက် ကမ္ဘာ့အခြေအနေများလည်း ပြောင်းလဲလျက်ရှိရာတွင် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်အမြင်နှင့် သဘောထားအမြင်များလည်း ပြောင်းလဲလာနေသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ မိမိတို့အတွက် အရှုံးထဲက အမြတ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုနှင့် မြန်မာ့စံတန်ဖိုးများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်၍ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထိ အားသွန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### အနာဂတ်အတွက် မျှော်လင့်ချက်

ငလျင်လှုပ်ခတ်ပြီး နှစ်လကြာချိန်အထိ ထိခိုက်ဒဏ်ရာရသူများအနေဖြင့် နာကျင်မှုကို ဆက်လက်ခံစားနေကြရဆဲဖြစ်သော်လည်း မြန်မာတို့၏ ရဲစွမ်းသတ္တိ၊ အကောင်းမြင်စိတ်နှင့် စိတ်ခံတက်ကြံ့ခိုင်မှုသည် အနာဂတ်အတွက် မျှော်လင့်ချက်များဖြစ်ပါကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများတွင်ရှိသည့် ပြည်သူများအနေဖြင့်လည်း ဝမ်းနည်းပူဆွေးမှုများဖြင့် ပြည့်နှက်နေကြသော်လည်း အပြန်အလှန်ကူညီကယ်ဆယ်ရေးကို တက်တက်ကြွကြွ ကြိုးစားနေကြသည်ကိုလည်း တွေ့မြင်ကြရပါကြောင်း။

ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ရာတွင် နီပေါနိုင်ငံ၏အတွေ့အကြုံကိုလည်း လေ့လာမိသလောက် တင်ပြလိုပါကြောင်း၊ နီပေါနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ် ဧပြီ ၁၅ ရက်တွင် ပြင်းအား ၇ ဒသမ ၆ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်ကြီးတစ်ခုလှုပ်ခတ်ခဲ့ပါကြောင်း၊ အဆိုပါ ငလျင်ကြီးကြောင့် ပြည်သူ ၈၇၉၀ သေဆုံးခဲ့ပြီး ၂၂၃၀၀ ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက နေအိမ်ပေါင်း ၄၉၈၈၅၂ လုံးနှင့် အစိုးရအဆောက်အအုံပေါင်း ၂၆၅၆ လုံး ပျက်စီးခဲ့သည်ဟု အစီရင်ခံစာ ထုတ်ပြန်ချက်များအရ သိရပါကြောင်း၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်အသိုက်အဝန်း၏ စွမ်းဆောင်ရည်မြှင့်မားရေး၊ လူမှုသဟဇာတဖြစ်မှုမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ခံနိုင်ရည်ရှိမှုမြင့်မားရေး၊ ကုန်ထုတ်လုပ်မှုကဏ္ဍ ပြန်လည်တည်ဆောက်ရေး၊ ပြည်သူများ၏ လူမှုဘဝနှင့် စီးပွားရေးအခွင့်အလမ်းများ မူလအနေအထားအတိုင်း ပြန်လည်ရောက်ရှိစေရေး စသည်တို့ကို ပြန်လည်ထူထောင်ရေး မဟာဗျူဟာမျှော်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

ဂျပန်နိုင်ငံသည်လည်း စစ်ဘေး၊ နျူကလီးယားဗုံးဒဏ်နှင့် ဆူနာမီငလျင်ဒဏ် စသည်တို့ကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် ဂျပန်ပြည်သူများ၏ မခံချင်စိတ်၊ ကြိုးစားချင်စိတ်နှင့် ပြည်သူပြည်သားအားလုံး တစ်စိတ်တစ်ဝမ်းတည်း ရုန်းကန်ချီတက်ခဲ့ကြသည့်အတွက် ယနေ့ဂျပန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်နိုင်သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံသည်လည်း မန္တလေးငလျင်ကြီးဒဏ်ကြောင့် အခက်အခဲပေါင်းများစွာ ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းနေကြရသော်လည်း ဆက်စပ်အခွင့်လမ်းကောင်းများကို ဖန်တီးဆုပ်ကိုင်နိုင်မည်ဆိုပါက မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေများကို ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါကြောင်း။

မဲမှောင်နေသည့် မိုးသားတိမ်တိုက်တိုင်းတွင် ငွေရောင်အနားသတ်ရှိသည်ဆိုသည့် ဥပမာအတိုင်း မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြီးများ ဖြစ်ပေါ်တိုင်း အများအကျိုးဆောင်ခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံခြင်း စသည့်လူသားတို့၏မွန်မြတ်သည့် စိတ်ထား၊ နှလုံးသားကို ထင်ထင်ရှားရှား ထွက်ပေါ်လာခြင်းကို တွေ့မြင်ကြရစမြဲဖြစ်ပါကြောင်း၊ ယခု အင်အားပြင်းငလျင်ကြီးဒဏ် ခံစားရချိန်တွင်လည်း ဘေးဒုက္ခများကို အတူတကွ ရင်ဆိုင်ခံစားကြရပြီး လူမျိုး၊ ဘာသာ၊ အသွေးအရောင် ကွဲပြားခြားနားမှုများ ပျောက်ကွယ်သွားကြပါကြောင်း၊ တစ်ဦးကိုတစ်ဦး စာနာထောက်ထားမှု၊ မေတ္တာကရုဏာစိတ်များဖြင့် ဖေးမကူညီမှုများကို တွေ့မြင်ကြရပါကြောင်း၊ မြန်မာတို့၏ ပင်ကိုဗီဇစရိုက်တွင် ရုပ်ပိုင်းဆိုင်ရာအရရှော၊ စိတ်ပိုင်းဆိုင်ရာအရပါ ကြံ့ကြံ့ခံနိုင်ခြင်းဆိုသည့် ဗီဇစရိုက်သည် ယှဉ်တွဲတည်ရှိနေပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်အားပြင်းငလျင်ကြီး၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သကဲ့သို့ ငလျင်အလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်း၏ စွမ်းအား၊ နိုင်ငံသားအားလုံး၏ စုပေါင်းစွမ်းအားများနှင့်အတူ ရည်မှန်းချက်ရောက်သည်အထိ မမိုတ်မသုန်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဆွေးနွေးပြောကြားစဉ်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီများ ထောက်ပံ့ရေးအဆင့်၊ ရေးဦးပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးခြင်းအဆင့်နှင့် ယခုစီးပွားရေးပြန်လည်တည်ဆောက်ရေးအဆင့်ဟူ၍ အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဆောင်ရွက်နေသည့်ကာလအတွင်း ၎င်းတို့လိုအပ်သည့်ပစ္စည်းများရရှိရေးနှင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်လိုအပ်သည့် ပစ္စည်းများရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ စားသောက်ကုန်ပစ္စည်းများကို နေ့စဉ်ရောင်းချပေးလျက်ရှိပါကြောင်း၊ ငလျင်ဘေးသင့်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးမှ လိုအပ်သည့် သံနှင့် သံမဏိပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ၊ သွင်းကုန်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် အရည်အသွေးပြည့်မီပြီး ကုန်ကျစရိတ်များ သက်သာစေရေးကို ရည်ရွယ်၍ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်နေ့မှ ၁၈ ရက်အထိ နေ့စဉ်ရောင်းချပေးခဲ့ပါကြောင်း၊ အဆိုပါဈေးရောင်းပွဲတွင် ကုမ္ပဏီပေါင်း ၆၁ ခုမှ ဆိုင်ခန်းပေါင်း ၇၄ ခန်းဖြင့် အများပြည်သူများ အရည်အသွေးမှန် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူနိုင်ရေး ရောင်းချပေးခဲ့ပါကြောင်း၊ ဈေးရောင်းပွဲတွင် ရောင်းချခဲ့သည့် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၀၈၅ သန်း ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့ကို သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၇ ဘီလီယံ၊ ကုန်သွယ်မှုအမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၇ ဘီလီယံဖိုး ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုကို ကြီးမားစွာအဟန့်အတားဖြစ်နေသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက တရားမဝင်ကုန်သွယ်မှုမရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံတင်ပြပါကြောင်း၊ စာမျက်နှာ ၇ သို့ ✻

☆ ကုန်သွယ်မှုကို ကြီးမားစွာအဟန့်အတားဖြစ်နေသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက တရားမဝင်ကုန်သွယ်မှုမရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေး

☆ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများဖြစ်သော MSME လုပ်ငန်းများနှင့် ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ထောင်စုနယ်မြေနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် လုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ

* စာမျက်နှာ ၆ မှ

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပို့ကုန်နှစ်ဆတိုးမြှင့်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးအတွက် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍမှ ပိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင်ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အဓိက အထောက်အကူပြုနိုင်သည့် အင်အားများဖြစ်သော MSME လုပ်ငန်းများနှင့် ဆောက်လုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ထောင်နယ်မြေနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် လုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

### အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာပြည်သူတို့ တွေ့ကြုံခဲ့ရသည့် ငလျင်ဘေးအန္တရာယ်ကြီးကြောင့် လူသားတို့၏ ပစ္စည်းဥစ္စာ၊ အခြေခံအဆောက်အအုံများ၊ စက်မှုလုပ်ငန်းများနှင့် တိုင်းပြည်၏ စီးပွားရေးအပေါ်တွင် ထိခိုက်မှုများရှိစေခဲ့ပါကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားရန်နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၊ အခြေခံအဆောက်အအုံများ၊ စက်မှုကဏ္ဍများ၊ စီးပွားရေးစနစ်များကို ပြန်လည်ထူထောင်ရန်တို့သည် လက်ရှိတွင် အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာပါကြောင်း။

ကုန်သည်စက်မှုအသင်းချုပ် အနေဖြင့်လည်း အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများသို့ ပုဂ္ဂလိက ကဏ္ဍကိုယ်စားပြု၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးနိုင်ရန်အတွက် "UMFCCI Earthquake Relief and Rehabilitation Task Force" ကို မတ် ၂၉ ရက်တွင်ဖွဲ့စည်းခဲ့ပြီး ကနဦးကယ်ဆယ်ရေး ရန်ပုံငွေကျပ်သိန်း ၂၀၀၀၀ ထူထောင်ကာ ထောက်ပံ့ရေးပစ္စည်းများကို လိုအပ်သည့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းခြင်းအပြင် နိုင်ငံတကာ မိတ်ဖက်ကုန်သည်အသင်းအဖွဲ့များနှင့်ပါ ချိတ်ဆက်၍ ကူညီပံ့ပိုးနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ခန့်မှန်းကြည့်သည့်အခါ ဒေါ်လာ သန်းပေါင်း ၁၀ ဘီလီယံကျော် အနည်းဆုံးရှိနိုင်သည်ဟု ခန့်မှန်းသွားပါကြောင်း၊ ထို့နောက် ၎င်းတို့၏ တွက်ချက်မှုတွင် စီးပွားရေးတန်ဖိုးကွင်းဆက်နှင့် ဈေးကွက်တစ်လျှောက်လုပ်ငန်းများ ပြတ်တောက်ရပ်ဆိုင်းခဲ့သည့်အတွက် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုများ ရှိနိုင်သည်ကို ထည့်မတွက်ထားသေးဟု သိရှိရပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု(Damage) တန်ဖိုးသာမက စီးပွားရေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌဦးအေးဝင်း ဆွေးနွေးပြောကြားစဉ်။

နစ်နာဆုံးရှုံးမှု(Loss) ပြန်ကာမိစေမည့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်(Recovery Needs)သည် တန်ဖိုးနှစ်ဆ၊ သုံးဆဖြစ်သွားနိုင်သည်ဟု သိထားရပါကြောင်း။

### သင်ခန်းစာများရှိ

ပြီးခဲ့သည့် သဘာဝကပ်ဘေး အတွေ့အကြုံများအရ အဆိုးဆုံးရင်ဆိုင်ခဲ့ရပြီး စိန်ခေါ်မှုများလည်းရှိခဲ့သည့်ကြားမှ အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် စီးပွားရေးကို အမြန်ဆုံးကုစားနိုင်ခဲ့သည့် သင်ခန်းစာများရှိပါကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးအစီအစဉ်များကြောင့် တိုင်းပြည် ဂျီဒီပီတိုးတက်နှုန်းသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တစ်ရှိန်ထိုးတိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာပေါ်တွင် အမြန်ဆုံးဖြစ်လာခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမြေပြိုမှုများအပြီးတွင် ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ရန် Build Back Better ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတကာအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ဖြစ်စတွင် နိုင်ငံ့စီးပွားရေးသည် အနုတ်ပြခဲ့သော်လည်း ၂၀၂၁ ခုနှစ်ကစပြီး မိုခါ၊ ရာဂီ မုန်တိုင်းများကြားမှ အပေါင်းလက္ခဏာပြခဲ့ပြီဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အာဆီယံနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တိုင်ဖွန်းယိုလန်ဒါအပြီး ပြန်လည်ထူထောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနှင့် MSMEs များအတွက် အထောက်အပံ့များ ဆောင်ရွက်ပေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ် ဆူနာမီနှင့် ငလျင်များကြောင့် ထိခိုက်ခံစားရမှုများအတွက် အခြေခံအဆောက်အဦများ ပြန်လည်တည်ဆောက်ခြင်း၊ အသေးစားချေးငွေများချေးပေး



မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို ဆွေးနွေးပြောကြားစဉ်။

ခြင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းများရှိပါကြောင်း။

အိမ်နီးချင်းထိုင်းနိုင်ငံကို ကြည့်မည်ဆိုပါကလည်း ၂၀၁၁ ခုနှစ် ရေကြီးမှုကို ကြုံတွေ့ခံစားခဲ့ကြရသည့် ပြည်သူများအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ကာ စက်မှုဇုန်များတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေတားများ ထုတ်လုပ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ပေးခြင်းတို့အပြင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးခြင်း၊ အခွန်ကင်းလွတ်ခွင့်များ စသည်တို့ကို ဆောင်ရွက်ပေးခဲ့သည့် သာဓကများလည်း ရှိပါကြောင်း။

### စနစ်တကျ လေ့လာသုံးသပ်

ထို့ပြင် ငလျင်ဘေးအန္တရာယ်များ မကြာခဏ ကြုံတွေ့ရသော ဂျပန်နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ အမြန်ဆုံး နာလန်ပြန်ထူနိုင်ရေးအတွက် Business Continuity Guidelines နှင့် ကဏ္ဍအလိုက် Planning (BCPs)ကို ချမှတ်ရေးဆွဲထားပြီး ဒေသအလိုက် လိုအပ်ချက်များကို လေ့လာသုံးသပ်ကာ ပြန်လည်ထူထောင်ရေးအစီအမံများကို ရေးဆွဲဆောင်ရွက်ပေးထားကြောင်း လေ့လာသိရှိရသည့်အတွက် မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုဖြစ်ရပ်ကို နမူနာယူ၍ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီမံကိန်း၊ အစီအမံရေးဆွဲချမှတ်ထားရန် အရေးကြီးလာပြီဖြစ်ပါကြောင်း၊ ထိုလျာထားစီမံကိန်း လုပ်ငန်းများသည် လက်တွေ့ကျသည့် စီမံကိန်းဖြစ်ရန် လိုအပ်သကဲ့သို့ ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်ရေးအတွက်လည်း စနစ်တကျ လေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း။

ယခုဖိုရမ်မှထွက်ပေါ်လာမည့် ရလဒ်များနှင့်အတူ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် အစိုးရ-ပုဂ္ဂလိက-ပြည်သူ ပူးပေါင်း အကောင်အထည်ဖော်သည့် ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးစီမံကိန်းနှင့် စုဖွဲ့မှုများ ဖြစ်ထွန်းလာသည်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသည့်ပွဲတွင် ကဏ္ဍများနှင့် ဒေသအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည့်အတွက် အားလုံးသုံးသပ်မည့် ဆန်းစစ်ချက်တစ်ရပ် ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း။

တစ်ဖက်ကကြည့်မည်ဆိုပါက ယခုသဘာဝဘေးအန္တရာယ်သည် ပြည်သူများ၏ ညီညွတ်မှု၊ ကူညီရိုင်းပင်းမှု၊ စနစ်ကျသောဆောင်ရွက်မှုတို့သည် အကောင်းဆုံးဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်ကို ပြသသွားသည့် သတိပေးချက်တစ်ခုဖြစ်ပါကြောင်း၊ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးသည့်အရာများထက် ပိုမိုပြည့်စုံသော နိုင်ငံတော်တစ်ခု၊ စီးပွားရေးရပ်ဝန်းတစ်ခု ပြန်လည်တည်ဆောက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်တွင် ဖွံ့ဖြိုးမှု၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တာဝန်ကိုယ်စီရှိကြသည်ဆိုသည့် ခံယူချက်ဖြင့် သယံဇာတနှင့်အရင်းအနှီးများကို ထိန်းသိမ်းပြီး ရေရှည်တည်တံ့သည့်အခြေခံအဆောက်အအုံဖြစ်ထွန်းရေးကို အားပေးကူညီဆောင်ရွက်ခြင်းနှင့် ရေရှည်တည်တံ့သည့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ဟန်ချက်ညီညီဖြင့် လျှောက်လမ်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍအနေဖြင့် လိုအပ်သည့် အပိုင်းကဏ္ဍတွင် တတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ဦးစားပေးလုပ်ဆောင်နေသည်ကို မြင်တွေ့ရ

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ဥက္ကဋ္ဌ ဦးကိုကိုက မိမိအနေဖြင့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရာတွင် ဆောင်ရွက်သင့်သည့် အဓိကလုပ်ငန်းစဉ်အချို့ကို ဆွေးနွေးတင်ပြလိုပါကြောင်း၊ ပထမလုပ်ငန်းစဉ်သည် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများကို ချက်ချင်းပြန်လည်တည်ဆောက်ရေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ယင်းမဟာဗျူဟာအား ယခုအခါလက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နေသည်ကို မြင်တွေ့ရပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်ခြင်း၊ ပြန်လည်တည်ဆောက်ရာတွင် ဦးစားပေးများ သတ်မှတ်ခြင်းနှင့် အရေးပေါ်ဘတ်ဂျက်များ ချထားပေးခြင်းများပါဝင်ပြီး နိုင်ငံတော်အစိုးရက ထိုအရာများကို ဦးစားပေး လုပ်ဆောင်နေသည်ကို မြင်တွေ့ရပါကြောင်း။

ဒုတိယလုပ်ငန်းစဉ်မှာ ထိခိုက်သွားရသည့် လူမှုဘဝများကို ပြန်လည်တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ထိခိုက်သွားရသည့် လူမှုအသိုက်အဝန်းများက ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ၎င်းတို့ကို ဝင်ငွေရရှိအောင် ဖန်တီးပေးနိုင်ပါကြောင်း၊ အတိုးနှုန်းနည်းပါးသည့် အသေးစားချေးငွေများ ထုတ်ပေးခြင်းနှင့် MSME လုပ်ငန်းများအား ကူညီခြင်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ ပျက်စီးသွားသည့် လယ်ယာသားငါးလုပ်ငန်းများအတွက် မျိုးစေ့များ၊ မျိုးများနှင့် လယ်ယာနှင့် မွေးမြူရေးသုံး ကိရိယာများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

### နူးညံ့သိမ်မွေ့သည့် လုပ်ငန်းစဉ်ဖြစ်

တတိယလုပ်ငန်းစဉ်အနေဖြင့် ငွေကြေးနှင့် စီးပွားတည်ငြိမ်ရန် လုပ်ဆောင်ခြင်းဖြစ်ပြီး ထိုလုပ်ငန်းစဉ်သည် နူးညံ့သိမ်မွေ့သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုတည်ငြိမ်ရေး၊ ငွေပေါ်လွယ်နိုင်စွမ်းကို ထိန်းသိမ်းထားရန်နှင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ရသည့် လုပ်ငန်းများကို ဘဏ်များက ကူညီပေးရန် အစရှိသည်တို့ ပါဝင်သင့်ပါကြောင်း၊ ထို့ပြင် ပြန်လည်တည်ဆောက်ရေး စီမံကိန်းများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးပြီး Public-Private Partnership ကို မြှင့်တင်သင့်ပါကြောင်း၊ တစ်ဆက်တည်း လုပ်ဆောင်နိုင်သည်မှာ အလှူရှင်များနှင့် အကူအညီပေးမှုများအတွက် ထပ်နေသည် မျိုးမရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် Donor Coordination & Aid Management ယန္တရားတစ်ခုကို ဖွဲ့စည်းသင့်ပါကြောင်း။

အခြားလုပ်ငန်းစဉ်တစ်ခုမှာ မဟာဗျူဟာမြောက် စီးပွားရေးစီမံကိန်းအစီအစဉ်များ ပြန်လည်သုံးသပ်ရေးဆွဲပေးရန် ဖြစ်ပါကြောင်း၊ ငလျင်ဘေးအလွန် မည်သည့်အရာများ လိုအပ်သည်ဆိုသည့် Need Assessment တစ်ခုကို ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများတွင် ငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်များကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းကြမည်၊ ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိအောင် မည်သို့ဆောင်ရွက်ကြမည်ဆိုသည့် အချက်များကို ပေါင်းစပ်ထည့်သွင်းသင့်ပါကြောင်း။

စာမျက်နှာ ၈ သို့ *

☆ **အခြားလုပ်ငန်းစဉ်တစ်ခုမှာ မဟာဗျူဟာမြောက် စီးပွားရေးစီမံကိန်း အစီအစဉ်များ ပြန်လည်သုံးသပ်ရေးဆွဲပေးရန်ဖြစ်၊ ငလျင်ဘေးအလွန် မည်သည့်အရာများ လိုအပ်သည်ဆိုသည့်** Need Assessment **တစ်ခုကို ဆောင်ရွက်သင့်**

☆ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများတွင် ငလျင်ကဲ့သို့ သဘာဝဘေး အန္တရာယ်များကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းကြမည်၊ ကြံ့ကြံ့ခိုင်နိုင်စွမ်း ရှိအောင် မည်သို့ဆောင်ရွက်ကြမည်ဆိုသည့်အချက်များကို ပေါင်းစပ် ထည့်သွင်းသင့်**

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို



"မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

* စာမျက်နှာ ၇ မှ

ပဉ္စမလုပ်ငန်းစဉ်အနေဖြင့် ပို၍ကောင်းအောင် တည်ဆောက်ခြင်း အခြေခံသဘောတရား Build Back Better (BBB) Principles ကို ကိုင်စွဲခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ အခြေခံအဆောက်အအုံများသည် ငလျင်နှင့် သဘာဝဘေးဒဏ် ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိအောင် ပြန်လည်တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ မြို့ပြများပြန်လည်ဖွဲ့စည်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နေပြည်တော် Town Plan ကို ငလျင်ဘေးကြံ့ကြံ့ခိုင်နိုင်စွမ်းရှိမည့် ဖွဲ့စည်းတည်ဆောက်မှုဖြစ်အောင် ပြန်လည်လုပ်ဆောင်နေပြီဟု သိရှိရပါကြောင်း။

ဆဋ္ဌမလုပ်ငန်းအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့် မဟာဗျူဟာများ၊ ချဉ်းကပ်မှုအသစ်များကို ကြံဆဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုအရာသည် စိန်ခေါ်မှုများထဲမှ အခွင့်အလမ်းများဖြစ်ပြီး မိမိတို့အနေဖြင့် နည်းပညာအကူအညီများ၊ ငွေကြေးအကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များကို မည်သို့ရယူရမည်နည်းဆိုသည်ကို ကျွမ်းကျင်သည့် ပညာရှင်များနှင့် မူဝါဒရေးဆွဲမည့်သူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ပါက အကျိုးရှိမည့် လုပ်ငန်းစဉ်ဟုမြင်မိပါကြောင်း။

နောက်ဆုံးလုပ်ငန်းစဉ်တစ်ခု အနေဖြင့် ဆွေးနွေးတင်ပြလိုသည်မှာ ငလျင်ကဲ့သို့သောသဘာဝဘေးထိခိုက်မှုအနည်းဆုံးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်း ဖြစ်ပါကြောင်း၊ ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်အနည်းဆုံး သက်ရောက်မှုရှိသည့် စီးပွားရေးလုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းလမ်း သို့မဟုတ် အဝေးမှထိန်းကျောင်းခြင်း နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ၊ နေရာအလွယ်တကူ ရွှေ့ပြောင်းလုပ်နိုင်သည့် လုပ်ငန်းများပင်ဖြစ်ပါကြောင်း။

ထိုအရာများကို မိမိအနေဖြင့်ဉာဏ်မီသလောက် စဉ်းစားအကြံပြု ဆွေးနွေးထားခြင်းဖြစ်ပြီး အားနည်းမှု၊ ချို့ယွင်းမှု၊ မဆီလျော်မှုများရှိခဲ့ပါက ခွင့်လွှတ်နားလည်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မကြာခင်တွင် ဆွေးနွေးပွဲ Panel များ စတင်တော့မည်ဖြစ်ပြီး ယင်းသို့ ဆွေးနွေးမှုများမှတစ်ဆင့် လက်တွေ့အသုံးဝင်မည့် ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ဆွေးနွေးကြမည့်သူအားလုံးက စိတ်ရင်းစေတနာရင်းများဖြင့် နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုး ဦးတည်ဆွေးနွေးတင်ပြနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် သုံးသပ်ဆွေးနွေးပွဲ အစီအစဉ်များ စတင်ကျင်းပရာ "မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "စီးပွားရေးပြန်လည်ထူထောင်ခြင်းအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "စီးပွားရေးကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ကဏ္ဍသုံးရပ်ခွဲ၍ ဆွေးနွေးကြသည်။

"မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဆွေးနွေးပွဲသဘာပတိအဖြစ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဒေါက်တာအောင်မြတ်လွင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် မန္တလေးကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်လတ်တို့က ပါဝင်ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် လယ်ယာသားငါးကဏ္ဍအတွက် ကုန်ကြမ်းများ အဆင်ပြေလွယ်ကူစွာ ရရှိနိုင်ရေး၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် ဆီထွက်သီးနှံ၊ ပြောင်းသီးနှံများအတွက် မျိုးကောင်းမျိုးသန့်များနှင့် အထောက်အပံ့များရရှိရေး၊ ထို့အတူ မွေးမြူရေးကဏ္ဍတွင် ငလျင်ကြောင့် ထိခိုက်မှုများအတွက် ပြန်လည်ဆောင်ရွက်ရာတွင် တိရစ္ဆာန်အစာထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် စနစ်တကျ ထောက်ပံ့ဆောင်ရွက်နိုင်ရေး။

☆ **ငလျင်ဘေးဖြစ်ပေါ်ပြီးနောက် အစိုးရအနေဖြင့် ဆောင်ရွက်ရမည့်ကဏ္ဍ၊ ပုဂ္ဂလိကအနေဖြင့် ဆောင်ရွက်ရမည့်ကဏ္ဍ၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက် စနစ်တကျ ဆောင်ရွက်သွားနိုင်ရေး၊ Enable Environment ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းနယ်ပယ်အလိုက် စက်ရုံအဆောက်အအုံများ တည်ဆောက်ရာတွင် တည်ဆောက်မှုလုပ်ငန်းများသည် တာဝန်ယူ၊ တာဝန်ခံနိုင်သည့် လုပ်ငန်းများဖြစ်စေရေး ဆွေးနွေး**

MSME လုပ်ငန်းများသိရှိစေရေး၊ ထို့ပြင် MSME လုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ အဆင်ပြေလွယ်ကူစွာ တင်သွင်းနိုင်ရေး၊ ချေးငွေအထောက်အပံ့ရရှိရေးနှင့် ချေးငွေရယူရာတွင် လုပ်ငန်းကဏ္ဍအလိုက် တိကျသည့် မူဝါဒများဖြင့် ဆောင်ရွက်နိုင်ရေး။

ငလျင်ကြောင့် စက်ရုံ/အလုပ်ရုံများ ထိခိုက်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေး၊ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများကို ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်မှာ ခက်ခဲသည့်အတွက် တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။




"စီးပွားရေးပြန်လည်ထူထောင်ခြင်းအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

ငလျင်ဘေး ဖြစ်ပေါ်ပြီးနောက် အစိုးရအနေဖြင့် ဆောင်ရွက်ရမည့် ကဏ္ဍ၊ ပုဂ္ဂလိကအနေဖြင့် ဆောင်ရွက်ရမည့် ကဏ္ဍ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက် စနစ်တကျ ဆောင်ရွက်သွားနိုင်ရေး၊ Enable Environment ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းနယ်ပယ်အလိုက် စက်ရုံအဆောက်အအုံများ တည်ဆောက်ရာတွင် တည်ဆောက်မှုလုပ်ငန်းများသည် တာဝန်ယူ၊ တာဝန်ခံနိုင်သည့် လုပ်ငန်းများဖြစ်စေရေး၊ ထိရောက်သော ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် လိုအပ်ချက်များကို စုစည်းဆောင်ရွက်နိုင်ရေး၊ မြေပြင်တွင် အမှန်တကယ် ထိခိုက်ခံစားမှု တွေ့ကြုံရသည့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် အလုပ်လက်မဲ့လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးရေး၊ ငလျင်ဘေးအလွန် ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ရာတွင် စက်မှုကုန်ကြမ်းများ အလွယ်တကူရရှိနိုင်ရန် စီမံဆောင်ရွက်နိုင်ရေး၊ ထို့ပြင် လုပ်ငန်းများအတွက် ရင်းနှီးဆောင်ရွက်မည့် မြေနေရာ၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ ချေးငွေတို့သည့် အခြေခံလိုအပ်ချက် ဖြစ်နေသည့်အတွက် ငလျင်ကြောင့် ထိခိုက်ခံစားရသည့် လုပ်ငန်းနယ်ပယ်အလိုက် Impact Assessment ကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရေး၊ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များအတွက် သင့်တင့်သော မြေဈေးနှုန်း

ယင်းနောက် "စီးပွားရေးပြန်လည်ထူထောင်ခြင်းအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် သဘာပတိအဖြစ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာဒေါက်တာနိုင်ဆွေဦးက ဆောင်ရွက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်(MLCA) အထွေထွေအတွင်းရေးမှူးချုပ် ဦးသက်ကိုကို၊ မြန်မာနိုင်ငံအာမခံအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မာလာညွန့်နှင့် မြန်မာနိုင်ငံ မြေလျှော်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်တို့က ပါဝင်ဆွေးနွေးကြသည်။

စာမျက်နှာ ၉ သို့ *



"စီးပွားရေးကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

* စာမျက်နှာ ၈ မှ

ထိုသို့ ဆွေးနွေးရာတွင် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် နိုင်ငံများ၏ ပျက်စီးဆုံးရှုံးမှုဆိုင်ရာ စာရင်းကောက်ယူမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ထိခိုက်နစ်နာမှုရှိခဲ့သည့် ကဏ္ဍများအား ကာလအလိုက် ပြန်လည်ကုစားဆောင်ရွက်ပေးနိုင်ခဲ့မှု၊ သဘာဝဘေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့မှုများကို လေ့လာ၍ မိမိတို့နိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး။

**အသိပညာပေးဆောင်ရွက်**

ငလျင်နှင့်ပတ်သက်သည့် အာမခံဝန်ဆောင်မှုထားရှိရေး၊ ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်ခဲ့သည့် အာမခံဝန်ဆောင်မှုရယူထားသည့် ပစ္စည်းများကို အာမခံစည်းမျဉ်းစည်းကမ်းများအလိုက် အချိန်နှင့်တစ်ပြေးညီ လျော်ကြေးတွက်ချက် ဆောင်ရွက်ပေးနိုင်ရေး၊ မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်အခြေအနေများကို တွက်ချက်၍ အာမခံအမျိုးအစားများအလိုက် အာမခံအကာအကွယ်ဝန်ဆောင်မှု ရယူထားနိုင်ရေး၊ အာမခံထားရှိခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြည်သူများအား အသိပညာပေးဆောင်ရွက်သွားနိုင်ရေး။

ငလျင်ဘေးအလွန်စီးပွားရေး ပြန်လည်ထူထောင်ရာ၌ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ မူဝါဒများ ဖြေလျှော့ပေးခဲ့မှု၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကာလအလိုက် ပိုင်းခြားဆောင်ရွက်နိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အထည်ချုပ်လုပ်ငန်းများ ဈေးကွက်ပြန်လည်ရရှိရေး။

> ☆ **နှစ်အလိုက် နိုင်ငံ့စီးပွားရေးနှင့် Currency Exchange Rate ထိန်းညှိဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရေး၊ ငလျင်ဘေးကြောင့် ကဏ္ဍအလိုက်ဆုံးရှုံးမှုတန်ဖိုးများကို စာရင်းကောက်ယူခဲ့မှုနှင့် ပြန်လည်ကုစားရေး၊ ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်ရန်ပုံငွေ လျာထားဆောင်ရွက်ထားမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စာရင်းဇယားများပြုစု၍ အမှန်တကယ်လိုအပ်သည့် နေရာများတွင် စနစ်တကျဆောင်ရွက်သွားနိုင်ရေး၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရလဒ်အခြေခံသည့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းမျိုးကို ပိုမိုအလေးပေးဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး**

ငလျင်လွန်ကာလတွင် တည်ဆောက်မည့် အဆောက်အအုံများအနေဖြင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍအတွက် ချေးငွေရရှိရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုရေးနှင့်ဈေးကွက်တွင် အလွယ်တကူဝယ်ယူနိုင်ရေး၊ ထို့အတူ ပြည်တွင်းလုပ်ငန်းရှင်များထုတ်လုပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ကျွမ်းကျင်လုပ်သားများဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

> ☆ **ငလျင်နှင့်ပတ်သက်သည့် အာမခံဝန်ဆောင်မှုထားရှိရေး၊ ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်ခဲ့သည့် အာမခံဝန်ဆောင်မှုရယူထားသည့် ပစ္စည်းများကို အာမခံစည်းမျဉ်းစည်းကမ်းများအလိုက် အချိန်နှင့်တစ်ပြေးညီ လျော်ကြေးတွက်ချက် ဆောင်ရွက်ပေးနိုင်ရေး၊ မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်အခြေအနေများကိုတွက်ချက်၍ အာမခံအမျိုးအစားများအလိုက် အာမခံအကာအကွယ်ဝန်ဆောင်မှု ရယူထားနိုင်ရေး၊ အာမခံထားရှိခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြည်သူများအား အသိပညာပေးဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး**

ဆက်လက်၍ "စီးပွားရေးကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် သဘာပတိအဖြစ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာဦးကျော်လင်းဦးက ဆောင်ရွက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်နိုင်ဦးတို့က ပါဝင်ဆွေးနွေးကြသည်။

**အားပေးမြှင့်တင်**

ထိုသို့ ဆွေးနွေးရာတွင် ငလျင်ကာလအလွန်တွင် ငွေကြေးမူဝါဒနှင့် နိုင်ငံ့ GDP ထိခိုက်မှုအခြေအနေ ပြန်လည်သုံးသပ်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးတိုးတက်မှု လျင်မြန်စွာ ရရှိနိုင်သည့် ကဏ္ဍများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး၊ ငလျင်အလွန်ကာလတွင် သက်သာသော အတိုးနှုန်းများဖြင့် ချေးငွေများ စနစ်တကျ စိစစ်ထုတ်ချေးပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်ပိုင်း ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နိုင်ငံတကာအတွေ့အကြုံများမှ လေ့လာဆောင်ရွက်သွားရေး၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အနာဂတ်တွင် တွေ့ကြုံနိုင်သည့် သဘာဝဘေးများအတွက် ကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် စီမံဆောင်ရွက်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်မှု။

နှစ်အလိုက် နိုင်ငံ့စီးပွားရေးနှင့် Currency Exchange Rate ထိန်းညှိဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရေး၊ ငလျင်ဘေးကြောင့် ကဏ္ဍအလိုက်ဆုံးရှုံးမှု တန်ဖိုးများကို စာရင်းကောက်ယူခဲ့မှုနှင့် ပြန်လည်ကုစားရေး၊ ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်ရန်ပုံငွေ လျာထားဆောင်ရွက်ထားမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စာရင်းဇယားများပြုစု၍ အမှန်တကယ်လိုအပ်သည့် နေရာများတွင် စနစ်တကျ ဆောင်ရွက်သွားနိုင်ရေး၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရလဒ်အခြေခံသည့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းမျိုးကို ပိုမိုအလေးပေးဆောင်ရွက်နိုင်ရေး။

**အခွင့်အလမ်းများကို ဆုပ်ကိုင်အသုံးချ**

ငလျင်အလွန်ကာလတွင် ကဏ္ဍအလိုက် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့သင့်သည်များကို ဖြေလျှော့သွားနိုင်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာ လှူဒါန်းငွေများကို အသုံးပြုရာတွင် ဗဟိုချုပ်ကိုင်မှုစနစ်ဖြေလျှော့ပေးရန် လိုအပ်မှု၊ အစိုးရကဏ္ဍမှ လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စွမ်း တိုးတက်လာနိုင်စေမည့် မူဝါဒပိုင်းဆိုင်ရာ အထောက်အပံ့များ ရေးဆွဲချမှတ်ပေးနိုင်ရေး၊ ဘဏ္ဍာငွေကြေး စိုက်ထုတ်သုံးစွဲသလောက် အကျိုးရှိထိရောက်စေရန် Economic Recovery Plan စနစ်တကျရေးဆွဲ ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးအတွက်ရရှိသည့် အလှူငွေများကို ပွင့်လင်းမြင်သာစွာ အသုံးပြုရေးနှင့် စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ ငလျင်ပြီးနောက်ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို ဆုပ်ကိုင်အသုံးချနိုင်ရေး၊ သဘာဝဘေးနှင့်စပ်လျဉ်းသည့် Education Management Information System တွင်ကျယ်လာစေရေး၊ တည်ရှိနေသည့် အရင်းအမြစ်များကို လိုအပ်ချက်အလိုက် ထိရောက်အကျိုးရှိစေရန် အသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။

ထို့သို့ ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်လာကြသည့် နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ MSME လုပ်ငန်းရှင်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ၊ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးပွဲ ပါဝင်ဆွေးနွေးသူ ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ယနေ့ဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးချက်များကိုစုစည်း၍ စကားဝိုင်းဆွေးနွေးခြင်း အစီအစဉ်ကို မေ ၃၁ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ရက်တာ ဆွေးနွေးမှုများမှတစ်ဆင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၃၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတပန်ရပ်ကွက်နှင့် နန်းဦးမြို့သစ်တို့ရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ သောတပန်ရပ်ကွက်ရှိ သကျမိသာနှင့် ရွှေဟသာကျောင်းတိုက်များရှိ သာသနိကအဆောက်အအုံများ မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမရှေ့၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား စက်သုံးဆီများရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရှမ်းလေးကျွန်းကျေးရွာနှင့် ရွှေဂုံကျေးရွာကြားရှိ ငလျင်ဒဏ်ကြောင့် လမ်းဘေးရှိမြေသားများ ကွဲအက်၍ လမ်းသားမြေ နိမ့်ဆင်းသွားသော မန္တလေးမြို့ပတ်လမ်းနေရာ၌ စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ယာဉ်များ ပုံမှန်သွားလာနိုင်သည်အထိ ပြုပြင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရွှေဂုံကျေးရွာရှိ ရေဆိုးထုတ်စက်ရုံသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေဆိုးထုတ်ပိုက်လိုင်းများ ပြန်လည်ပြုပြင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအား ဖြိုချကာ အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံး ဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လောကထွဋ်ခေါင် ဖောင်တော်ဦးမြတ်စွာဘုရား၊ အမရပူရမြို့နယ် တိုးချဲ့(၄)ရပ်ရှိ တြိရတနာမဟာအောင်မြေမြတ်စွာဘုရားခြောက်ဆူကုန်းတော်၊ မှန်တန်းရပ်၊ မေဃဝန်ဘုန်းကြီးကျောင်းအတွင်းရှိ မြစည်းခုံဘုရားတို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များက ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် သိမ်းဆည်းရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျ သိမ်းဆည်းထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် တြိရတနာမဟာအောင်မြေ မြတ်စွာဘုရား ပရိဝုဏ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ဇော်ဂျီရေထိန်းဆည်မြောင်း တာတမံဖို့ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဆူးကုန်းရပ်ကွက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနဝင်းတို့တွင် Modular Container House များဖြင့် (ယာယီ) ရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ကျောက်ဆည်မြို့နယ်အတွင်း လုံးဝပြိုကျပျက်စီးသွားသည့် အိမ်ခြေများအား ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက် ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားလုံးဝိုင်းဝန်း၍ မူလအခြေအနေထက်ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပစ္စည်း ၁၆ မျိုးပါဝင်သော ထောက်ပံ့ပစ္စည်းအိတ်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိမေးမြန်းလိုသော အချက်များနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့တွင် Prefabricated House များ ဆောက်လုပ်နေမှုအခြေအနေများနှင့် ကျောင်းစာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားဝင်းအတွင်းရှိ ကေသီဦးဓမ္မာရုံ၌ သံဃာတော်များ ဓမ္မာစရိယစာမေးပွဲဖြေဆိုရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းရှိ ကျေးရွာငါးရွာတွင် နွေသီးနှံ နွေစပါး ဧက ၁၅၀၀ လျာထားစိုက်ပျိုး

**ကျောက်ဆည် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းပဲမျိုးစုံ ဖူလုံပိုလျှံရေး နွေပဲသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင် နွေစပါး ဧက ၁၅၀၀ လျာထားစိုက်ပျိုးလျက်ရှိသည်။

သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ကျေးရွာအုပ်စုပေါင်း (၁၃)အုပ်စုရှိပြီး နွေစပါးသီးနှံများကို ကျားကာကျေးရွာ အုပ်စုတွင် ၁၃၅ဧက၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စုတွင် ဧက ၁၈၀၊ မြေစိုမိုးကျေးရွာအုပ်စုတွင် ၃၁၅ ဧက၊ ပဲခင်းကျေးရွာအုပ်စုတွင် ၄၆၀ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စုတွင် ဧက ၄၁၀ စုစုပေါင်း ဧက ၁၅၀၀ စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် နွေစပါးသီးနှံများကို စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းခြောက်ခုတွင် နွေ စပါး ၁၉၉၈၀ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး နွေစပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



## ပခုက္ကူမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ပခုက္ကူ မေ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ပိတောက်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'ကျောင်းအပ်ကြစို့' သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားဖွင့်လှစ်ပေးသည်။

ထို့နောက် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးရီသန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းတို့က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်က(အခမဲ့)ဖြန့်ဝေသော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးသန်းဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးတို့က ပေးအပ်ခဲ့ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ကျောင်းသီချင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ပခုက္ကူမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၅ ကျောင်းအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၁၄ ကျောင်း ဖွင့်လှစ်ထားပြီး လက်ရှိအချိန်ထိ စုစုပေါင်းကျောင်းသား၊ ကျောင်းသူဦးရေ ၂၆၇၃၄ ဦး လက်ခံရရှိထားပြီဖြစ်ကြောင်း သိရသည်။

(၃၄၀)

၀-၀-၀-၀-၀

၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ



## ဆော်ဒီပရိုလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘန်ဇီမာ ဆွတ်ခူး

**လန်ဒန် မေ ၃၀**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို အယ်လ်အစ်တီဟတ်အသင်းတိုက်စစ်မှူး ဘန်ဇီမာက အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုအားကျော်ဖြတ်ပြီး ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြခဲ့သလို အသင်းအား ဆော်ဒီပရိုလိဂ်ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဘန်ဇီမာက 'ကျွန်တော် အခုလို ဆော်ဒီပရိုလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားဦးမှာပါ'ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## ဆက်စ်ကို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၉၃ သန်းအဖြစ် လိုက်ပဇစ်အသင်း သတ်မှတ်

**မြူးနစ် မေ ၃၀**

လိုက်ပဇစ်အသင်းသည် အသင်းတိုက်စစ်မှူး ဆက်စ်ကို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၉၃သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။


အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဆက်စ်ကိုသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲကစားပြီး ၃၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လိုက်ပဇစ်အသင်းကလည်း ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဆက်စ်ကိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**




## အန်တိုနီအား အပြီးသတ်ခေါ်ယူသွားမည်ဟု ဘက်တစ်အသင်းအတည်ပြု



**မက်ဒရစ် မေ ၃၀**

စပိန်လာလီဂါကလပ် ဘက်တစ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား အန်တိုနီကို အပြီးသတ်ခေါ်ယူသွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘက်တစ်အသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၅ပွဲ ကစားပြီး ၉ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း အန်တိုနီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅သန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။ **(ဝဲပုံ)**

ဘက်တစ်အသင်းထုတ်ပြန်ချက်တွင် 'အန်တိုနီအား အပြီးသတ်ခေါ်ယူဖို့ စီစဉ်နေပါပြီ။ သူဟာ ထိပ်တန်းကစားသမားတစ်ဦးပါ'ဟု ထုတ်ပြန်သည်။**(NGB)**

## ဒီမာရီယာ ငယ်ဘဝကလပ် ရိုဆာရီယိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့

**လန်ဒန် မေ ၃၀**

ဝါရင့်တောင်ပံကစားသမား ဒီမာရီယာသည် ဘင်ဖီကာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ငယ်ဘဝကလပ်ဖြစ်သည့် ရိုဆာရီယိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ မန်ချက်စတာယူနိုက်တက်၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်၊ ဘင်ဖီကာစသည့် ကလပ်အသင်းများတွင် ကျင်လည်ဖြတ်သန်းခဲ့ပြီး အောင်မြင်မှုများစွာ ရယူခဲ့ပြီးနောက် ငယ်ဘဝကလပ်ဖြစ်သည့် ရိုဆာရီယိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။



အသက်(၃၇)နှစ်အရွယ်ရှိ ဒီမာရီယာက 'ကျွန်တော် ငယ်ဘဝကလပ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ပါပြီ။ ဒီကလပ်အသင်းနဲ့အတူ မှတ်တိုင်တွေ စိုက်ထူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားတော့မှာ ပါ'ဟု ပြောသည်။

**(ဝဲပုံ)(NGB)**

## နည်းပြ အယ်လီဂရီအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် အေစီမီလန်အသင်း ဆွေးနွေး

**မီလန် မေ ၃၀**

စီးရီးအေကလပ် အေစီမီလန်အသင်းသည် အသင်းနည်းပြ ဆာဂျီယိုကွန်စီကာအိုအား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် အယ်လီဂရီအား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၅၇)နှစ်အရွယ်ရှိ နည်းပြ အယ်လီဂရီသည် နည်းပြဘဝတစ်လျှောက်တွင် ကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ အယ်လီဂရီကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အေစီမီလန်အသင်း၏ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် နည်းပြ အယ်လီဂရီအား အေစီမီလန်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ) နိုင်ကမ္ဘာ

| PSG | - | အင်တာမီလန် |
|---|---|---|
| (ပြင်သစ်-၁) | | (အီတလီ-၂) |

**ဇွန်လ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ဝ၁း၃ဝ နာရီ**

**(ဘိုင်ယန်မြူးနစ်ကွင်း၊ ဂျာမနီနိုင်ငံ)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ၃၁-၁၂-၂၀၁၄ | PSG | ၁-၀ | အင်တာမီလန် (ခြေစမ်းပွဲ) |
| ၃၀-၁၂-၂၀၁၅ | အင်တာမီလန် | ၀-၁ | PSG (ခြေစမ်းပွဲ) |
| ၂၅-၇-၂၀၁၆ | အင်တာမီလန် | ၁-၃ | PSG (အင်တာနေရှင်နယ်ချန်ပီယံများဖလားပွဲ) |
| ၂၇-၇-၂၀၁၉ | PSG | ၁-၁ | အင်တာမီလန် (ခြေစမ်းပွဲ) |
| | | | (ပင်နယ်တီ ၅-၆ ဖြင့် အင်တာမီလန်နိုင်) |
| ၁-၈-၂၀၂၃ | PSG | ၁-၂ | အင်တာမီလန် (ခြေစမ်းပွဲ) |

**နှစ်သင်း၏ ဗိုလ်လုပွဲအထိ ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| PSG | ၀-၁ | လီဗာပူး(၁၆-သင်းအဆင့်) | ဖိယင်နု | ၀-၂ | အင်တာမီလန် |
| လီဗာပူး | ၀-၁ | PSG ( ။ ) | အင်တာမီလန် | ၂-၁ | ဖိယင်နု |
| (ပင်နယ်တီ ၁-၄ ဖြင့် PSG နိုင်) | | | | | |
| PSG | ၃-၁ | ဗီလာ (ကွာတား) | ဘိုင်ယန်မြူးနစ် | ၁-၂ | အင်တာမီလန် |
| ဗီလာ | ၃-၂ | PSG ( ။ ) | အင်တာမီလန် | ၂-၂ | ဘိုင်ယန်မြူးနစ် |
| အာဆင်နယ် | ၀-၁ | PSG (ဆီမီး) | ဘာစီလိုနာ | ၃-၃ | အင်တာမီလန် |
| PSG | ၂-၁ | အာဆင်နယ်( ။ ) | အင်တာမီလန် | ၄-၃ | ဘာစီလိုနာ |

ချန်ပီယံလိဂ် သမိုင်းကြောင်း တစ်လျှောက်တွင် PSG တို့ ဗိုလ်လုပွဲသို့ ၂၀၂၀ ပြည့်နှစ်က တစ်ကြိမ်သာ တက်ရောက်ခဲ့ဖူးပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ အင်တာမီလန်ကမူ ဗိုလ်လုပွဲသို့ (၆)ကြိမ်တက်ရောက်နိုင်ခဲ့ကာ (၃)ကြိမ် ဗိုလ်စွဲ၍ (၃)ကြိမ် ဒုတိယရခဲ့သဖြင့် အင်တာတို့က PSG ထက် အစဉ်အလာတွင် အသာရနေသည်။ သို့သော် ဗိုလ်လုပွဲသို့ ရောက်ရှိလာသော အသင်းများပီပီ အကြိတ်အနယ်ကစားကြမည်ဖြစ်၍ ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပြီး သရေကျသွားနိုင်ကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ဖွယ်ရှိသည်။ ပွဲချိန်အတွင်း အနိုင်ရမည့်အသင်းကို ခန့်မှန်းရမည်ဆိုပါက ဗိုလ်မစွဲဖူးသေးသည့် PSG တို့ ကပ်နိုင်ဖွယ်ရှိသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

PSG-ရှုံး၊နိုင်၊နိုင်၊နိုင်၊နိုင်

အင်တာမီလန်-နိုင်၊နိုင်၊နိုင်၊သရေ၊နိုင်

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

**ပဲရစ် မေ ၃၀**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမားCarlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟန်ဂေရီ တင်းနစ်ကစားသမား Fabian Marozsan အား ၆-၁၊ ၄-၆၊ ၆-၁၊ ၆-၂ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဘော့စနီးယား တင်းနစ်ကစားသမား Da-mir Dzumhur တို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**



## ဂျိုနသန်တက်ချ် ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ်(၄)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**မြူးနစ် မေ ၃၀**

နောက်ခံကစားသမားသစ် ဂျိုနသန်တက်ချ် ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ်(၄)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ **(ယာပုံ)**

အဆိုပါနောက်ခံကစားသမားသည် လေဗာကူဆင်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဂျိုနသန်တက်ချ်သည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၀၂ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းကခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂျိုနသန်တက်ချ်က 'ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းမှာ ကျောနံပါတ်(၄)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဆုဖလားတွေ သိမ်းပိုက်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(NGB)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သားဖွားသင်တန်းကျောင်း(မန္တလေး)၏ ဒသမအကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း(မန္တလေး)၏ ဒသမအကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီး၊ ခုတင်(၃၀၀)ဆံ့သင်ကြားရေး ဆေးရုံကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသော သားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေး အလေးထားစီမံဆောင်ရွက်ပေးနေပါကြောင်း၊ ပြည့်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် မကျန်းမာသူများအားပြုစုပေးခြင်း၊ မကျန်းမာမှုမဖြစ်စေရန်ကာကွယ်ပေးခြင်း၊ ကျန်းမာသူများ ပိုမိုကျန်းမာအောင် တိုးမြှင့်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးတွင် ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြသော လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုကို ရရှိနိုင်ရေးအတွက် အရေးပါအဓိကကျသူများဖြစ်ပါကြောင်း၊ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ထိန်းသိမ်းရမည့် အမူအကျင့်များကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ စာနာမှုနှင့် ကရုဏာတရားအပြည့်ထားကာ ကျွမ်းကျင် ပိုင်နိုင်စွာ ပြုစုပေးနိုင်သည့် ပြည်သူလူထုက အားကိုးယုံကြည်ထိုက်သော အရည်အသွေး၊ အရည်အချင်းရှိသော နိုင်ငံ့ဝန်ထမ်း ဘက်စုံသားဖွားဆရာမကောင်းများဖြစ်အောင် အစဉ်တစိုက် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သားဖွားသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က သင်တန်းဆင်းအမှာစကားကိုလည်းကောင်း၊ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် ဒသမအကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းတွင် ဒီပလိုမာအောင်လက်မှတ်ရရှိကြသည့် သင်တန်းသူ(၁၁၃)ဦးအား အောင်လက်မှတ်များအပ်နှင်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# ချမ်းမြသာစည်မြို့နယ်၌ ကျောင်းတွင်း၊ ကျောင်းပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ကျောင်းတက်နိုင်ရေး၊ ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယမန်နေ့နံနက် ၇ နာရီက အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အမှတ်(၂၉)အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ကျောင်းတွင်း၊ ကျောင်းပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးထွန်းဇံဖြူ၊ အဖွဲ့ဝင် (၂) ဦးတင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်တို့ ဦးဆောင်၍ မြို့နယ်လုံခြုံရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက ကျောင်းတွင်း၊ ကျောင်းပြင်အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်စွန့်ပစ်နေရာများသို့ အမှိုက်များ သွားရောက်စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ချမ်းမြေ့)**





# မိုးရာသီ သီးနှံစုံဧက ၆၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**ကန့်ဘလူ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ယခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ လျှပ်စစ်ရေတင်နှင့် မြေအောက်ရေတင်စနစ်များဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီသီးနှံစုံ ၆၁၄၅၀၅ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် မိုးရာသီ သီးနှံစုံ အမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၆၆၅၅ ဧက၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲနှင့်အခြားပဲ စုစုပေါင်း ၂၂၆၃၁၀ ဧက၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာ စုစုပေါင်း ၅၉၅၀၂ ဧက၊ ကြံသီးနှံ ၁၁၀၆ ဧက၊ ဝါသီးနှံ ၃၂၀ ဧက၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြားသီးနှံ ၁၁၂၇၉ ဧက၊ နှစ်ရှည်ပင် ၃၇၀၁၃ ဧက ဖြစ်သည်။

ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးရာသီ မိုးသီးနှံစုံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေ၊ မျိုး၊ ပိုးနှင့် စိုက်ပျိုးရေးနည်းပညာများကို ခရိုင်နှင့်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ အကူအညီတောင်းခံနိုင်သည်။

ယခုနှစ် မိုးသီးနှံများ စိုက်ပျိုးရာတွင် မိုးစပါးသီးနှံများကို ဇွန်လလယ်တွင် လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်းများဆောင်ရွက်၍ ဇွန်လကုန်ပိုင်းတွင် စတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့်အခြားသီးနှံများကို မေလဆန်းက စတင်စိုက်ပျိုးခဲ့ရာ ပဲမျိုးစုံ ၁၁၆၀၆ ဧက၊ ဆီထွက်သီးနှံစုံ ၂၈၀၆ ဧက၊ ကြံသီးနှံ ၃၂၃ ဧက၊ အခြားသီးနှံ ၃၀၂၉ ဧက စိုက်ပျိုးပြီးစီးပြီး ယမန်နှစ်က မိုးရာသီသီးနှံစုံ ၆၃၅၆၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ပိုး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကွန်ဟိန်း မေ ၃၀**

မိုးဦးကာလဖြစ်ပွားတက်သော သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားရောဂါများ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ပူးပေါင်းအဖွဲ့များသည် မေ ၂၉ ရက် နံနက် ၉ နာရီက ကွန်ဟိန်းမြို့မဈေး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ရပ်ကွက်လူနေအိမ်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်သက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကွန်ဟိန်းမြို့မဈေး၊ အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်လူနေအိမ်များတို့ သွားရောက်ပြီး ရေတွင်း၊ ရေကန်၊ ရေစည်များအဖုံး ဖုံးအုပ်ရန် အသိပေးခြင်း၊ သောက်သုံးရေထည့်ထားသည့်ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများအား ခြင်မပေါက်ဖွားစေရန်၊ လဲလှယ်ပြောင်းထည့်ခြင်း၊ စွန့်ပစ်ပစ္စည်းများ၊ ဘူးခွံများမှ ရေများအား သွန်ပစ်ခြင်း၊ ရေများမလဲနိုင်သည့် ရေကန်များကို ရေစစ်ဖြင့်စစ်ထုတ်ခြင်း ပိုးလောက်လမ်းများမရှိစေရေးအတွက် အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများအား ပြုပြင်ဆောင်ရွက်ပေး

**နတ်မောက် မေ ၃၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ မြို့မဈေးကြီး၌ မိုးတွင်းကာလ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ခြင်ပေါက်ဖွားမှုမဖြစ်ပွားစေရေး၊ ရေဆိုးရေညစ်များ၏ အနံ့ဆိုးများ ကင်းဝေးစေရန်နှင့် မိုးတွင်းကာလ မိဘပြည်သူများသွားလာရေး အဆင်ပြေစေရန် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအနေဖြင့် မြို့မဈေးကြီး၏အပြင်ဘက် ရေမြောင်းအတွင်းရှိ ပိတ်ဆို့နေသည့် အမှိုက်များ၊ သဲနုန်းများဆယ်ယူဆောင်ရွက်ခြင်းနှင့် ရေမြောင်းဘေးရှိ အမှိုက်များ သိမ်းဆည်းပေးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် ဈေးတာဝန်ခံတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မှုမှုစန်း

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**မိတ္ထီလာ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး သဖန်းပင်ရိုးကျေးရွာ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် သဖန်းပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦးတို့အား ချေးငွေများကို စနစ်တကျ ထုတ်ချေးပေးခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်နေလူထု၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ယာပုံ) (၄၆၉)



# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (၂)ဆင့်ချေးငွေ ငွေကျပ် (၂၄) ဘီလီယံထုတ်ချေးရန်လျာထား

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (၂)ဆင့်ချေးငွေမှ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ဝယ်ယူနိုင်ရန် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၄ဘီလီယံထုတ်ချေးရန် လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ သိရသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (၂)ဆင့်ချေးငွေမှ လယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကို ဝယ်ယူနိုင်ရန် တောင်သူတစ်ဦးလျှင် အများဆုံးငွေကျပ်သိန်း ၁၂၀၀ ထိ ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ချေးငွေထုတ်ပေးသည့် ၂၀၁၇ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ငွေကျပ် ၂၄၇ ဒသမ ၄၄၈ ဘီလီယံကျော် ထုတ်ချေးပြီးဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုထောင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေများကို တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး ငွေကျပ်သိန်း ၇၀၀၊ တောင်သူအစုအဖွဲ့ တစ်ဖွဲ့အတွက် အများဆုံး ငွေကျပ်သိန်း ၅၀၀၀အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက်ဝယ်ယူလိုသည့် လယ်ယာသုံး စက်ကိရိယာများကို စက်ကိရိယာ အရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်သည်။



ထို့ပြင် ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက် ချေးငွေအတွက် သုံးနှစ်သုံးရစ်၊ အဆိုပါ စက်များမှအပကျန်စက်ကိရိယာများအတွက် ငါးနှစ် ငါးရစ် ပေးဆပ်ရသည့်စနစ်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၆)

# စစ်ကိုင်းတံတား(အင်းဝ) သို့မဟုတ် သမိုင်းဝင်တံတားကြီး

ခိုင်ခန့်(အမရပူရ)

စစ်ကိုင်းတံတားဟု လူသိများသော တံတားကြီး၏ မူရင်းအမည်မှာ 'အင်းဝတံတား' (Ava Bridge)ဖြစ်၏။ ထိုအချိန်က အင်းဝနေပြည်တော်တွင် မြန်မာဘုရင်များ ထီးနန်းစိုက်ထူခြင်း မရှိကြသော်လည်း အင်္ဂလိပ်တို့ မြန်မာနိုင်ငံတော်ကို သိမ်းပိုက်အုပ်ချုပ်သည့် ၁၈၈၅ ခုနှစ်အထိ အင်းဝနေပြည်တော်သည် အင်္ဂလိပ်တို့၏ မှတ်တမ်းများတွင် ထင်ရှားကျော်ကြားလျက်ရှိသေးသည်။ ထို့ကြောင့် ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီးချိန်တွင် 'အင်းဝတံတား'ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ ထိုတံတားကြီးသည် စစ်ကိုင်းဘက်နှင့် အမရပူရဘက်ရှိ ရွှေကြက်ယက်ကမ်းတို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီမြစ်ကူးတံတားကြီး တစ်စင်းလည်းဖြစ်သည်။

### ဧရာဝတီတံတား(အင်းဝ)ဖြစ်တည်ခြင်းအစ

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားကြီး မတည်ဆောက်မီက ခရီးသွားများ၊ ကုန်ကူးသန်းရောင်းဝယ်သူများသည် အရှည် ၇၂၄ မိုင်ရှိသည်။ ရန်ကုန်-မန္တလေး-မြစ်ကြီးနားသို့ ဆက်သွယ်ကူးသန်းရောင်းဝယ်သွားလာရာတွင် အမရပူရဆိပ်ကမ်း(ရွှေကြက်ယက်)မှ စစ်ကိုင်းဘက်သို့ ကူးတို့သင်္ဘောများဖြင့်လည်းကောင်း၊ ငှက်လှေများဖြင့်လည်းကောင်း၊ မီးရထားကုန်တွဲများကို သမ္ဗန်ကြီးများဖြင့်လည်းကောင်း အသုံးပြု၍ ဧရာဝတီမြစ်ကို ဖြတ်ကူးကြရ၏။ ထိုအခါ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာသည်ကို တွေ့ရှိလာရသည်။

ထို့ကြောင့် ၁၈၉၁ ခုနှစ်တွင် ဧရာဝတီမြစ်ကူးတံတားတစ်စင်း တည်ဆောက်ရန် ကြံစည်ခဲ့သည်။

### တံတားတည်ဆောက်ရန် ကြိုးပမ်းကြခြင်း

ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရန် ၁၈၉၁ ခုနှစ်တွင် ကြံစည်အားထုတ်ခဲ့ကြသော်လည်း စီမံကိန်းမအောင်မြင်ခဲ့သောကြောင့် ၁၉၀၈ ခုနှစ်တွင် အိန္ဒိယပြည်အုပ်ချုပ်ရေးအဖွဲ့က ပေပေါင်း ၃၅၇၃ ပေရှည်သော တံတားကြီးတည်ဆောက်ရန် တင်ပြရာ ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၅,၈၉၃,၈၈၆)ဖြင့် ၁၉၀၉ ခုနှစ်တွင် မီးရထားအုပ်ချုပ်ရေးအဖွဲ့မှ ခွင့်ပြုခဲ့၏။ သို့သော် မီးရထားအင်ဂျင်နီယာချုပ် Mr .G. Mills တင်ပြသည့် တံတားပုံစံအတိုင်း တည်ဆောက်ရန် ဆောင်ရွက်ခဲ့ကြသော်လည်း ရန်ပုံငွေလိုအပ်မှုကြောင့် စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြန်သည်။ သို့သော် ၁၉၂၄ ခုနှစ်တွင် မြန်မာပြည်အစိုးရနှင့် အိန္ဒိယမီးရထားကုမ္ပဏီတို့က မီးရထားနှင့် ကားလမ်းပါတံတားကြီးတစ်စင်းကို တည်ဆောက်ရန် သဘောတူညီမှုရရှိခဲ့သည်။

### တံတားကြီး စတင်တည်ဆောက်ခြင်း

စစ်ကိုင်းတံတားကြီးတည်ဆောက်ရန် အင်္ဂလန်မီးရထားဌာနအကြံပေး အင်ဂျင်နီယာကြီးများ၏ Rendel Polmer And Trittion Co; အား သံရက်မကြီးများ၊ တွင်းတူးတိုင်ကြီးများအတွက် ပုံစံရေးဆွဲစေခဲ့ပြီး ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာ့မီးရထားဌာန အင်ဂျင်နီယာချုပ် Mr .G.A.Hicks အား လန်ဒန်သို့ စေလွှတ်၍ အသေးစိတ်လုပ်ငန်းများကို တိုင်ပင်ဆွေးနွေးစေခဲ့သည်။ တံတားကြီးကို အမြန်တည်ဆောက်နိုင်ရန် ကုန်ကျမည့် ခန့်မှန်းငွေစာရင်းကို မြန်မာ့မီးရထားဌာန၏ တတိယအင်ဂျင်နီယာချုပ် J.E.M Rowland အား တွက်ချက်တင်ပြရန် တာဝန်ပေးခဲ့ရာ Rowland မှ ၁၉၂၇ ခုနှစ် ခန့်မှန်းခြေငွေစာရင်း ခေါင်းစဉ်ဖြင့် တံတားဆောက်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၁၅၅၇၇၃၁၈ ကို တွက်ချက်တင်ပြခဲ့သည်။

ယခင်က စစ်ကိုင်းတံတား(အင်းဝ) ဆောက်လုပ်ရန် မူလရွေးချယ်ထားသော နေရာမှာ လက်ရှိနေရာ၏ အထက် တစ်မိုင်ခန့် အကွာတွင် ဖြစ်၏။ သို့သော် ပညာရှင်များ၏ လက်တွေ့တိုင်းတာချက်များအရ ထိုနေရာရှိ ဧရာဝတီမြစ်အောက်ခြေတွင် ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ငုတ်များ ရှိနေခြင်း၊ စစ်ကိုင်းဘက်ကမ်းခြေနေရာတွင်လည်း သာသနာ့နယ်မြေများ ရှိနေခြင်းကြောင့် ထိုနေရာသို့ စွန့်ပယ်၍ ယခုတံတားကြီးရှိသောနေရာကို ပြန်လည်ရွေးချယ်သတ်မှတ်ခဲ့သည်။ လက်ရှိနေရာသည် လျာထားချက်ထက် အနည်းငယ် ပိုရှည်လျားသောကြောင့် ကုန်ကျစရိတ်ပိုခဲ့ရသော်လည်း တံတားကြီးဆောက်လုပ်ရန် အကောင်းဆုံးအခြေအနေဖြစ်သည်။ ဧရာဝတီမြစ်အတွင်း သင်္ဘောများ သွားလာရေးလွယ်ကူချောမွေ့စေရန် မြန်မာအစိုးရနှင့် ဧရာဝတီကုမ္ပဏီတို့ တွေ့ဆုံဆွေးနွေးပြီး အမြင့်ဆုံးရေတိုးချိန်တွင် အမြင့်ဆုံးရေတက်နိုင်သည့် ရေမျက်နှာပြင်၏အထက် ပေ ၄၀ အမြင့်ထားကာ ဆောက်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။

တံတားကြီး၏ အောက်ခြေနှင့် သံထည်အပိုင်းကို Renolel-palar & Tritton Company မှ တာဝန်ယူရေးဆွဲပေးခဲ့ပြီး သံရက်မကြီးများ၊ သံပေါင်သံထည်ပေါင်းကူးကြီးများကို အိန္ဒိယနိုင်ငံ Braith Waite Co; မှ တာဝန်ယူပေးခဲ့၏။ ပေါင်းကူးတံတားကုန်း ၁၀ ကုန်းဖြင့် ဖွဲ့စည်းထားကာ တံတားအုတ်တိုင် ၁၅ တိုင်ဖြင့် ထောက်ပင့်ထားရှိခဲ့သည်။ စစ်ကိုင်းတံတားကြီး၏ အရှည်မှာ ကမ်းတစ်ဖက်တစ်ချက်ထိပ်ရှိ အုတ်ခုံပေါင်နှစ်ခုကြား ပေပေါင်း ၃၉၄၈ ပေ ရှည်လျားသည်။ တံတားကြီးအတွက် ကုန်ကျစရိတ် စုစုပေါင်းမှာ မြန်မာငွေကျပ် (၁၄,၃၀၀,၀၀၀)၊ ထိုခေတ် စတာလင်ပေါင်လဲနှုန်းအရ စတာလင်ပေါင် (၁,၀၀၀,၀၀၀) နီးပါးကုန်ကျခဲ့၏။ စစ်ကိုင်းတံတားကြီးနှင့် ပတ်သက်၍ အတိတ်တဘောင်ရှိခဲ့သည်မှာ 'မရာကျော် ဂဟောဆက်လို့ ရွှေကြက်ယက် မိကျောင်းပေါ်'ဟုဖြစ်ပြီး အမှန်တကယ်ပင် ရွှေကြက်ယက်ကမ်းခြေနှင့် စစ်ကိုင်းကမ်းခြေကို 'မရာကျော်မိကျောင်းကြီး'မှကျောခင်းပေးထားသည့် သဏ္ဌာန်ရှိသော ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။

### စစ်ကိုင်းတံတားဖွင့်လှစ်ခြင်း

စစ်ကိုင်းတံတားကြီးကို ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံဘုရင်ခံ Sr. Hugh Lansdown Stephenson တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထူးခြားချက်တစ်ခုမှာ တံတားကြီးဖွင့်သောနေ့နှင့် နောက်နေ့တွင် ငလျင်ပြင်းထန်စွာလှုပ်ခြင်းကို ခံစားခဲ့ရသည်။ စစ်ကိုင်းတံတားဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အခြားအမှတ်တရတစ်ခုမှာ တေးရေးဆရာ နန်းတော်ရှေ့ဆရာတင်က 'စစ်ကိုင်းတံတား'အမည်ဖြင့် သီချင်းရေးစပ်သီကုံး မှတ်တမ်းထားရှိခဲ့ခြင်းဖြစ်၏။ အစပိုင်းတွင် အဆိုတော်ကြီး 'မန္တလာစန်း' သီဆိုခဲ့ပြီး နောက်ပိုင်းတွင် အဆိုတော် သုမောင် သီဆိုထင်ရှားခဲ့သည်။ စစ်ကိုင်းတံတားသီချင်းတွင်---



- ကံဆုံရန်ကုန်မြို့က ကြည့်ရန်လာပြန်သည်၊
  သတင်းမြတ်စကား အင်းဝတံတားလို့ နှုတ်ဖျားအောင်လံချီ'
- တံတားဆက်ပြီးပြီ သွားမည့်ခရီးသည် ငှက်သမ္ဗန် ကူးတို့ဆိပ်က အိပ်ရရှာပြီ၊ ခုများတာလီ ဗမာလူမျိုးတွေ အလုပ်မရှိတော့
  တံတားကြီးကိုကြည့်ကာ ငိုမိသည် ငို…မိပါသည်' ဟုပါရှိရာ

တေးရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်က အင်းဝတံတားကြီး မပြီးခင်က လုပ်ငန်းကောင်းမွန်ဝင်ငွေကောင်းခဲ့သော ငှက်သမ္ဗန်သမားများမှာ တံတားကြီး ပြီးသွားပြီဖြစ်၍ အလုပ်မရှိတော့သဖြင့် တံတားကြီးကိုကြည့်၍ ငိုကြကြောင်းပါ ထည့်သွင်းမှတ်တမ်းထားရှိခဲ့သည်။

### စစ်ကိုင်းတံတားကြီး ပြိုကျပျက်စီးမှုများ

စစ်ကိုင်းတံတားကြီး ပြိုကျပျက်စီးမှု နှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ ပထမတစ်ကြိမ်မှာ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်များ မြန်မာပြည်မှ ဆုတ်ခွာစဉ် ၁၉၄၂ ခုနှစ်၊ ဧပြီ ၃၀ ရက် ညပိုင်းတွင် စစ်ကိုင်းတံတားကုန်းအမှတ်(၇)နှင့်(၈)တို့ကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြသည်။ စစ်ကြီးပြီးဆုံးသွားသောအခါ တံတားကြီးကို ပြန်လည်ပြုပြင်ရန် အင်္ဂလန်ရှိ ရန်ဒယ်ပါးမားထရည် တန်ကုမ္ပဏီအား ပုံစံရေးဆွဲပေးရန် အပ်နှံခဲ့ရာ ပေါင်းကူးတံတားကြီး၏ အလေးချိန်လျှော့ချရန် Mild Steel အစား High Tensile Steel ကို အသုံးပြုခြင်းဖြင့် ယခင် ၁၀၁၆ တန် လေးခဲ့သော တံတားကုန်းကြီးကို ၈၄၈ တန်သာလေးသော ကုန်းအသစ်ဖြင့် အစားထိုးတပ်ဆင်ခဲ့ကြသည်။ တံတားတည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များမှာ-



၁။ သီရိပျံချီ ဦးကြည်ဝင်း (အင်ဂျင်နီယာချုပ်ဟောင်း)
၂။ ဦးရွှေရိုက် (အင်ဂျင်နီယာချုပ်)
၃။ ဦးစံဝေ (ဒုတိယအင်ဂျင်နီယာချုပ်)
၄။ Mr. A.G Grant (မီးရထားအထူးအရာရှိ/တာဝန်ခံအင်ဂျင်နီယာ)
၅။ Mr. J Wilams (အင်းဝတံတားအင်ဂျင်နီယာတာဝန်)
၆။ T.P. Pardle (District Enginner)

၇။ T. Gourisan Karan (ပုံဆွဲအင်ဂျင်နီယာတာဝန်)တို့မှ ဦးဆောင်၍ တံတားကြီးကို ပြန်လည်ပြုပြင်ရာတွင် ၁၉၅၃ ခုနှစ် ကုန်ခါနီးတွင် စတင်လုပ်ကိုင်ခဲ့ကြပြီး ၁၉၅၄ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် ပြီးမြောက်ခဲ့သည်။ တံတားကြီးပြန်လည်ပြုပြင်မှုအတွက် ကုန်ကျစရိတ် စုစုပေါင်းမှာ ငွေကျပ် ၅၇၈၉၇၂၇ ဖြစ်ပြီး ၁၉၅၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး 'အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာ ဘဦး' တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဒုတိယအကြိမ် ပြိုကျပျက်စီးမှုမှာ ၂၈-၃-၂၀၂၅ တွင် ပြင်းအား မဂ္ဂနီကျူ ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သောကြောင့် စစ်ကိုင်းတံတား(အင်းဝ)၏ တံတားကုန်းကြီးများ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြန်လည်ပြုပြင်ရန် လုပ်ဆောင်ရာ၌ ၁၂-၄-၂၀၂၅ တွင် အိန္ဒိယနိုင်ငံ ဘေးအန္တရာယ်ကင်းရေးနှင့် ဖျက်သိမ်းရေးဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ တံတားကြီး၏တိုင်များ ထိခိုက်မှုမရှိဘဲ ကြားထဲက အပိုင်းလိုက် ကွန်ကရစ်လောင်းထားသောနေရာနှင့် တံတားပေါင်များ ပျက်စီးမှုရှိခဲ့ကြောင်း တွေ့ရသည်။ မြန်မာ့မီးရထား ဌာနက အင်ဂျင်နီယာများက တံတားပေါင်များ ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အိန္ဒိယက ကူညီပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ၃၀-၄-၂၀၂၅ တွင် ရထားလမ်းကူး သံပေါင်အချို့အား စနစ်တကျ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရန် ပရိတ်တရားတော်များ၊ မေတ္တာသုတ်များရွတ်ဆို၍ လုပ်ငန်းသုံးစက်ယန္တရားယာဉ်ကြီးများအား ပရိတ်ရေပက်ဖျန်းကာ လုပ်ငန်းစတင်ခဲ့ကြသည်။ ၁-၅-၂၀၂၅ ရက်တွင် ပျက်စီးပြုတ်ကျသွားသည့် တံတားကုန်းများကို ပြန်လည်တပ်ဆင်ရန် သက်ဆိုင်ရာမှ ဝန်ချီကရိန်းများဖြင့် စတင်လုပ်ဆောင်နေပြီ ဖြစ်သည်။ ထို့ကြောင့် အမရပူရ ရွှေကြက်ယက်နှင့် စစ်ကိုင်းဘက်ကမ်းသို့ ဆက်သွယ်ပေးထားသော 'မရာကျော် မိကျောင်းကြီး' ဟု အရပ်စကား တင်စားခေါ်ကြသော ဧရာဝတီမြစ်ကူး စစ်ကိုင်း(အင်းဝ) တံတားကြီးမှာ မကြာမီပြန်လည်မြင်တွေ့ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား** – **စစ်ကိုင်းတံတားဆောင်းပါး(စစ်ကိုင်းလှရွှေ)**
– **အမှတ်စဉ်(၁၄၃)၊သပြေတေးမဂ္ဂဇင်း၊ ၁၉၈၆၊ အောက်တိုဘာလထုတ်**
– **စစ်ကိုင်း(အင်းဝ)တံတားပြန်လည်ပြုပြင်မှု**–NP News
– **မန္တလေးနေ့စဉ်သတင်းဝက်ဘ်ဆိုက်၊ ဧပြီ ၃၀ရက်၊ ၂၀၂၅ ခုနှစ်**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ



**ရပ်စောက် မေ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပညာရေးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'တို့ကျောင်းတော်' သီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ခဲ့ကြောင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး(စီမံ)မှ ဆရာကြီး ဦးဘုန်းမြင့်က ကျောင်းအပ်နှံရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့သော ကျောင်းသုံးဖတ်စာအုပ်များ၊ဗလာစာအုပ်များ၊ မူဆင့်ကျောင်းဝတ်စုံများ၊ သချာသင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဗထူး)မှ ကျောင်းသား၊ကျောင်းသူများက 'ကျောင်းအပ်နှံရေးသီတင်းပတ်' သီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာဖတ်ဝိုင်း ကျင်းပ

**ကသာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်း၍ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ စာရေးဆရာ ငွေးကြည်(စလင်း)ရေးသားသည့် 'အသေးအမွှား' ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းပြုလုပ်ရာတွင် ကသာမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဘမောင် ကိုဘ(ကသာ)က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ငွေးကြည်(စလင်း)ရေးသားသည့် 'အသေးအမွှား' ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ကုဋေသန်းသန်းဌေးကလည်းကောင်း၊ ဩသု ယူကဘာ အဖွဲ့ဝင်မောင်သူရစံ၊ မအိရွှေဇင်ဝင်းနှင့် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများက ဆောင်းပါးနှင့်ပတ်သက်၍ မိမိတို့၏ အတွေးအမြင်ရသများကို အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကသာမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ဒုတိယဦးစီးမှူးတို့က 'အသေးအမွှား' ဆောင်းပါးအပေါ် သုံးသပ်ဆွေးနွေးကြခြင်းဖြင့် ယနေ့လူငယ်များ၏ အသိအမြင်များ တိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် ကျေနပ်မိပါကြောင်း၊ စာဖတ်ခြင်းဖြင့် ဖြစ်ရပ်များအပေါ် စာတွေ့လက်တွေ့သင်ခန်းစာ ယူပြီး အနာဂတ်ကို ပုံဖော်နိုင်ကြသူများဖြစ်လာရန် မျှော်လင့်ပါကြောင်းနှင့် မိမိတို့၏ လိုအပ်ချက်များကို သိရှိလာပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းတို့ကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။



ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကသာမြို့နယ် စာရေးဆရာအသင်း ဩသု ယူကဘာ အဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူများနှင့် ပူးပေါင်း၍ လူထုအခြေပြုဗဟိုပြုဌာန(Community Centre) ခန်းမတွင် စာဖတ်ဝိုင်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## စာသင်ကြားဖို့ ကျောင်းအပ်စို့

* သား၊ သမီးတို့ အနာဂတ် မယ်ပ
စိတ်ထားမြတ် အစဉ်သွေ ၊
ပညာရေးကို အဓိက
သင်ကြားကြစေ ။
ဂုဏ်ရည်ထက်လို့ မျိုးမိတ်ဆွေ
မြင့်မားပေ ဝင့်ဝင့်ကြွား ။
မြန်ပြည်ရဲ့ နောင်တစ်ခေတ် မယ်ပ
ဆစ်ထုခွန်အား ။

* မိဘ၊ ဆရာ စိတ်ထူးထားလို့
တွဲလက်များ မြဲနိုင်တည် ။
ကျောင်းအပ်ရန် သတ်မှတ်ရက်
လှမ်းဆက်ကြမည် ။
ပညာရေးဖြင့် အမျိုးဂုဏ်ရည်
တို့မြန်ပြည် ရွှေရောင်လွှမ်း ။
လူမျိုးဂုဏ် သင်းပျံ့မွှေးလို့
အေးမြရွှင်လန်း ။ ။

**သူ့ထက်ဆန်း(မန္တလေး)**



## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

**ရှာင် မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်အဆင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အ·ထ·က (ရှာင်)ပြဒါးလင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အ·ထ·က (ခွဲ)ကျောက္ကူပြင် ကျောင်းသား၊ ကျောင်းသူများက 'မြန်မာ့ကျောင်း' သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့အချိန်မီ ရောက်ရှိလာစေရေး၊ ကျောင်းနေဆဲကလေးများ အားလုံးကျောင်းနေမြဲရေး၊ စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရင် တိုင်းပြည်အဆင့်အတန်းမြင့်မားပြီး ပညာရေးဟူသော အခြေခံအုတ်မြစ်ခိုင်မာကောင်းမွန်အောင် နည်းလမ်းတကျ ပြုပြင်သွန်သင်မှုများကိုနာယူပြီး တိုးတက်ပြောင်းလဲလာသည့် နည်းပညာကို မှန်မှန်ကန်ကန်အသုံးချကာ ဘက်စုံပညာထူးချွန်သူများဖြစ်အောင် ကြိုးစားသွားကြရန် စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း နိုင်ငံတော်အဆင့် တတိယဆု၊ ပြည်နယ်အဆင့် ပထမဆုရရှိသော အ·လ·က ဘုရားကြီးကုန်းကျောင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသီးသီး ဆုချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်း၊ ပညာခေတ်၊ ကျွန်တော့်ရည်မှန်းချက်၊ ဇာတိမာန်သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်များအား အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ဝတ်စုံများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(၃၃၈)**

၀-၀-၀-၀-၀-၀





# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

ပြင်သစ်သမ္မတ အီမန်နျူယယ် မာခရွန်နှင့် စင်ကာပူဝန်ကြီးချုပ် လော်ရန့်ဝမ်တို့နှစ်ဦး မေ ၂၉ ရက်က စင်ကာပူနိုင်ငံရှိ နာမည်ကျော် လောပါဆတ်ဈေးတန်းသို့ သွားရောက်လည်ပတ်ပြီး ဒေသခံများနှင့် မိတ်ဆက်နေစဉ်။ **Mon**



## သမ္မတရာထူးအတွက် အရေးပေါ်ရွေးကောက်ပွဲမတိုင်မီ တောင်ကိုရီးယား၌ လူထုမဲဆန္ဒပေးပွဲများ ကျင်းပလျက်ရှိ

**ဆိုးလ် မေ ၃၀**

တောင်ကိုရီးယားနိုင်ငံသားများသည် လာမည့်အပတ်တွင် ကျင်းပမည့် သမ္မတရာထူးအတွက် အရေးပေါ်ရွေးကောက်ပွဲမတိုင်မီ လူထုမဲဆန္ဒပေးပွဲများ ကျင်းပလျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇွန် ၃ ရက်ရွေးကောက်ပွဲသည် ဥပဒေကြေညာရန် မအောင်မြင်သော ကြိုးပမ်းမှုကြောင့် သမ္မတဟောင်း ယွန်းဆွတ်ယူးလ် ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် လပေါင်းများစွာ နိုင်ငံရေးအကျပ်အတည်းနှင့် အာဏာလစ်ဟာမှုတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အများပြည်သူထင်မြင်ချက်စစ်တမ်းများ ထုတ်ပြန်ခြင်းကို တားမြစ်ထားသော မဲပေးချိန်မတိုင်မီ စစ်တမ်းများတွင် ရှေ့တန်းရောက်နေသည့် ဒီမိုကရက်တစ်ပါတီမှ ဝင်ပြိုင်သူ လီဂျယ်မြောင်သည် ယမန်နေ့က ဆိုးလ်မြို့တွင် မိမိမဲဆန္ဒကို ထည့်သွင်းခဲ့ကြောင်း သိရသည်။



**Mon**

## ဗြိတိန်နိုင်ငံရှိ တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးစခန်းတစ်ခုမှ ရှားပါးဆီးနှင်းကျားသစ်တစ်ကောင် မကြာသေးမီက မွေးဖွားခဲ့

**လန်ဒန် မေ ၃၀**

ဗြိတိန်နိုင်ငံရှိ တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးစခန်းတစ်ခုမှ ရှားပါးဆီးနှင်းကျားသစ်တစ်ကောင် မကြာသေးမီက မွေးဖွားခဲ့သည်ဟု လုပ်အားပေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အဆိုပါကျားသစ်ကလေးငယ်ကို သခင်မလေးဟု အမည်ပေးထားပြီး မြေကြီးနေ ကျားသစ်စောင့်ရှောက်ရေးစခန်းတွင် ၂၀၂၅ ခုနှစ် မေ ၁၀ ရက်က မွေးဖွားခဲ့ဟု ဆိုသည်။

ကျားမကြီး လာလီယာကို နည်းပညာမြင့် အာထရာဆောင်းရိုက်ခြင်းလုပ်ငန်းများတွင် ပါဝင်လာစေရန် ယုံကြည်မှုတည်ဆောက်ပေးခဲ့သော လေ့ကျင့်ရေးမှူး ဆိုင်မွန်၏ လုပ်ဆောင်ချက်များကြောင့် ကျားသစ်ကလေးငယ် အောင်မြင်စွာ မွေးဖွားလာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## တိုကျိုမြို့တော်၏ တစ်နှစ်အတွင်း အခြေခံငွေကြေးဖောင်းပွမှုနှုန်းထုတ်ပြန်သည့် စာရင်းဇယားများအရ ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိ

**တိုကျို မေ ၃၀**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်တွင် မေလအထိ တစ်နှစ်အတွင်း အခြေခံငွေကြေးဖောင်းပွမှုနှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မေ ၃၀ ရက်တွင် ထုတ်ပြန်သည့် စာရင်းဇယားများအရ ထိုသို့သိရခြင်းဖြစ်ပြီး နှစ်နှစ်ကျော်အတွင်း အမြင့်ဆုံးအဆင့်ဖြစ်ကြောင်း၊ အစားအသောက်စရိတ်၏ ဆက်လက်မြင့်တက်မှုက ဗဟိုဘဏ်အား အတိုးနှုန်းများ ထပ်မံတိုးရန် ဖိအားပေးနေကြောင်း ညွှန်ပြလျက်ရှိသည်။ စက်ရုံလုပ်ငန်းလုပ်ဆောင်မှုများ ရပ်တန့်နေပြီး ဧပြီလတွင် စက်မှုထုတ်လုပ်မှု ကျဆင်းခဲ့ကြောင်း သီးခြားစာရင်းဇယားများက ပြသနေသည်။ ဂျပန်ဗဟိုဘဏ်ရင်ဆိုင်နေရသည့် ဒွိဟအခြေအနေကို ထင်ဟပ်စေပြီး ငွေကြေးဖောင်းပွမှုဖိအားများ တိုးမြင့်လာခြင်းနှင့် အမေရိကန်၏ မြင့်မားသော အကောက်ခွန်များကြောင့် စီးပွားရေးကို ထိခိုက်မှုတို့ကြား ဟန်ချက်ညီရန် ဖြေရှင်းရသည့် အခက်အခဲဖြစ်သည်။ တိုကျိုမြို့၏ အခြေခံစားသုံးသူဈေးနှုန်း အညွှန်းကိန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာပြီး ဈေးကွက်ခန့်မှန်းချက်ထက် ကျော်လွန်ကာ ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ တိုကျိုမြို့၏ အခြေခံငွေကြေးဖောင်းပွမှုနှုန်းသည် နိုင်ငံတစ်ဝန်းဈေးနှုန်းအခြေအနေကို အရိပ်အမြွက်ပြသည့် အညွှန်းကိန်းတစ်ခုဖြစ်သဖြင့် ဗဟိုဘဏ်၏ နှစ်ရာခိုင်နှုန်း ပစ်မှတ်ကို ဆက်တိုက် သုံးနှစ်တိုင်တိုင် ကျော်လွန်လာခဲ့ကြောင်း သိရသည်။ **Mon**



## ဥက္ကာခဲကျောက်သားနမူနာများရယူမည့် အာကာသယာဉ်ကို စီချမ်ပြည်နယ်ရှိ ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံသည် ဥက္ကာခဲကျောက်သားနမူနာများ ရယူမည့် အာကာသယာဉ်ကို ၎င်း၏ ပထမဆုံးသော အာကာသခရီးစဉ်အဖြစ် ယမန်နေ့က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံလုပ် လောင်းမတ်ချ်သရီးဘီဒုံးပျံသည် မေ ၂၉ ရက်က ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၁ မိနစ်ခန့်တွင် အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့သည်။

ယင်းဒုံးပျံသည် တီယန်ဝင်-၂ အာကာသယာဉ်ကို တင်ဆောင်သွားခဲ့ပြီး ထိုစက်ရုပ်စမ်းသပ်အာကာသယာဉ်သည် တရုတ်ကို ဥက္ကာခဲ ကျောက်သားနမူနာများရယူနိုင်သည့် တတိယမြောက်နိုင်ငံ ဖြစ်လာစေပါလိမ့်မည်။

လွှတ်တင်မှုအကြောင်း ကြေညာရာတွင် ထိုအာကာသယာဉ်သည် ၎င်း၏နေရောင်ခြည်စွမ်းအင်ပြားများကို ချောမွေ့စွာ ဖြန့်ထုတ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာများက ဖော်ပြကြသည်။

လာမည့် တစ်နှစ်အတွင်း ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် တီယန်ဝင်-၂ အာကာသယာဉ်သည် ကမ္ဘာမြေနှင့် အနီးဆုံး မိုင်ပေါင်း ၁၀ သန်း(ကီလိုမီတာ ၁၆ သန်း)အကွာရှိ လမှ ကွဲထွက်လာသော အပိုင်းအစတစ်ခုဟု ယုံကြည်ထားကြသည့် သက်တမ်းနုသော ဥက္ကာခဲငယ်လေး ထံသို့ ချဉ်းကပ်ရောက်ရှိမည်ဟု ဆိုသည်။ ယင်းအာကာသယာဉ်သည် ကျောက်သားနမူနာများပါသည့် အလုံပိတ်ယာဉ်ကို ပစ်လွှတ်ကာ ၂၀၂၇ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်စေမည်ဖြစ်ကြောင်း သိရသည်။ **Mon**



## ဟားမတ်စ်နှင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်အသစ်ကို အစ္စရေးဘက်က လက်ခံလိုက်ပြီဟု ဆို

**ဂျေရုဆလင် မေ ၃၀**

ယမန်နေ့က အစ္စရေးအရာရှိတစ်ဦးထံမှ ရရှိသောသတင်းအရ အမေရိကန်ကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဖ်မှတစ်ဆင့် တင်သွင်းသည့် ဟားမတ်စ်နှင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်အသစ်ကို အစ္စရေးဘက်က လက်ခံလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အသက်ရှင်နေသော ဓားစာခံ ၁၀ ဦးနှင့် သေဆုံးသူ ၁၈ ဦးအား လွှတ်ပေးရန်နှင့် ရက် ၆၀ ကြာ စစ်ရေးခြိမ်းခြောက်မှုရပ်စဲရန် ယင်းသဘောတူညီချက်တွင် တောင်းဆိုထားကြောင်း အဆိုပါအစ္စရေးအရာရှိက ပြောကြားသည်။

ဟားမတ်စ်၏ အဓိကတောင်းဆိုချက်ဖြစ်ပြီး အစ္စရေးက လက်မခံသော စစ်အပြီးသတ်ရန် ညှိနှိုင်းမှုများနှင့်ပတ်သက်၍ ၎င်းက အသေးစိတ်မဖော်ပြခဲ့ပေ။

နောက်ဆုံးသဘောတူညီချက်သည် အစ္စရေးထံမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး စစ်ပွဲနှင့် အငတ်ဘေးရပ်စဲရေးအပါအဝင် မိမိတို့၏ လူအများစု၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ဟု ဟားမတ်စ်၏နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဘတ်ဆင်မ်နာအင်းမ်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

## ဆူဒန်နိုင်ငံ၏မြို့တော်တွင် ဖြစ်ပွားနေသော ဝမ်းရောဂါကြောင့် နှစ်ရက်အတွင်း လူဦးရေ ၇၀ ကျော် သေဆုံးခဲ့သည်ဟု ဆို

**ခါတူးမ် မေ ၃၀**

ဆူဒန်နိုင်ငံ ခါတူးမ်မြို့တော်တွင်ဖြစ်ပွားနေသော ကာလဝမ်းရောဂါကြောင့် နှစ်ရက်အတွင်း လူဦးရေ ၇၀ ကျော်သေဆုံးခဲ့သည်ဟု ဒေသကျန်းမာရေးအာဏာပိုင်များက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က လူနာသစ် ၉၄၂ ဦးနှင့် သေဆုံးသူ ၂၅ ဦးရှိခဲ့ပြီး ယခင်နှစ်ရက်က လူနာ ၁၁၇၇ ဦးနှင့် သေဆုံးသူ ၄၅ ဦးရှိကြောင်း ခါတူးမ်ပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခုရောဂါဖြစ်ပွားမှုသည် မြို့တော်ခါတူးမ်ကို အချက်အချာထားဖြစ်ပွားနေပြီး ပြည်တွင်း၌ နှစ်နှစ်ကျော်ကြာ ဖြစ်ပွားခဲ့သော စစ်ပွဲကြောင့် ထိုမြို့တော်ပျက်စီးခဲ့ပြီး မကြာသေးမီက သောက်သုံးရေနှင့် လျှပ်စစ်ဝန်ဆောင်မှုများ ဆုံးရှုံးခဲ့ရသည်။

ယခုအခါ ခါတူးမ်မြို့တော်သည် ကျန်းမာရေးနှင့် သန့်ရှင်းမှု အခြေခံအဆောက်အအုံများ အလုပ်လုပ်နိုင်ခြေ မရှိသလောက်ဖြစ်နေပြီး ပျက်စီးနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကန်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၄ + ၅၅)၊ ဧရိယာ(၀ ဒသမ ၂၂)ဧကရှိ မြေနေရာအား ဦးဆွေ(၆/ထဝန(နိုင်)၀၂၂၉၃၁)အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၄/၂၀၂၂-၂၀၂၃)၊ ဂရန်စာချုပ်အမှတ်(၂/၂၀၂၃-၂၀၂၄)အရ (၂၆-၅-၂၀၂၃)ရက်မှ (၂၅-၅-၂၀၅၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးဆွေ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးသန့်ဇော်ဟိန်း(၉/ပသက(နိုင်)၀၇၆၈၂၈)ထံမှ ဦးနေမင်းနိုင်(ခ)ရှဒ်ရာဗဟာဒူးသည် ဧရိယာ(၀ ဒသမ ၂၂)ဧကအနက် ဧရိယာ(၀ ဒသမ ၀၄၁)ဧကအား ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးနေမင်းနိုင်(ခ)ရှဒ်ရာဗဟာဒူး(၉/ခအဇ(နိုင်)၀၀၇၂၆၀)အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ သုခမင်္ဂလာ(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျိုကုန်းကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄/၂၀၆ + ၂၀၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဒေါ်ခင်မြင့် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၈၅၂၇/၁၉၉၃-၁၉၉၄)အရ (၃-၄-၁၉၉၃)ရက်မှ (၂-၄-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဒေါ်ခင်မြင့်၏ကိုယ်စား ပုသိမ်ကြီးမြို့နယ်တရားရုံး၏ တာဝန်ပေးအပ်သည့် အရာရှိ ဘီလစ်စာရေးကြီး ဒေါ်ဝင်းလင်းငွေးထံမှ ဒေါ်သန်းသန်းဆွေ(ပါ-၃)ဦးသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်သန်းသန်းဆွေ(၉/မရမ(နိုင်)၀၂၉၄၄၄)၊ ဦးကျော်နိုင်(၉/ခအဇ(နိုင်)၀၁၃၄၉၈)၊ ဦးပြည့်စုံနိုင်(၉/ခအဇ(နိုင်)၀၁၄၄၃၂)တို့ (၃)ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကန်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၄ + ၅၅)၊ ဧရိယာ(၀ ဒသမ ၂၂)ဧကရှိ မြေနေရာအား ဦးဆွေ(၆/ထဝန(နိုင်)၀၂၂၉၃၁)အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၄/၂၀၂၂-၂၀၂၃)၊ ဂရန်စာချုပ်အမှတ်(၂/၂၀၂၃-၂၀၂၄)အရ (၂၆-၅-၂၀၂၃)ရက်မှ (၂၅-၅-၂၀၅၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးဆွေ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးသန့်ဇော်ဟိန်း(၉/ပသက(နိုင်)၀၇၆၈၂၈)ထံမှ ဦးမျိုးဇော်ဟိန်းသည် ဧရိယာ(၀ ဒသမ ၂၂)ဧကအနက် ဧရိယာ(၀ ဒသမ ၀၆၉)ဧကအား ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးမျိုးဇော်ဟိန်း(၅/စကန(နိုင်)၁၉၇၇၃၃)အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၂)၊ ဦးပိုင်အမှတ်(၂၁-ခ)၊ လမ်း၃၀၊ ၉၁လမ်းနှင့် ၉၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ညွန့်(၉/မနတ(နိုင်)၀၄၈၃၆၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၀၃၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်း(၅/ကဘလ(နိုင်)၀၅၁၉၀၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၆)၊ ဦးပိုင်အမှတ်(၂၉)ခဲစင်းရှေ့ခြမ်း၊ ၁၀၉(A)လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိန်ဝင်း(၉/နထက(နိုင်)၀၀၆၆၀၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ညွန့်ညွန့်(ပါ-၄ဦး) | ၉/မရတ(နိုင်)၀၅၅၈၇၃ | အောင်မြေသာစံ | ဒေါနဘွား | ၄၁၇ | ၄၄-၄/၄(ခဲစင်း) | S.S - ၁ထပ်(၃)လုံး+ခြံ |
| ၂။ | ဒေါ်တိုးတိုး | ၉/မနမ(နိုင်)၀၁၈၀၆၀ | အောင်မြေသာစံ | ဥပုတ္တော် | ၂၂ | ၂၆-ခ | RC - ၄ထပ် |
| ၃။ | ဒေါ်ရန်မန်ရှန်း | ၁၃/တမည(နိုင်)၀၀၂၄၉၇ | အောင်မြေသာစံ | အနိုဝ်တော် | ၄၁၇ | ၁၀၁-က/၇ | RC - ၄ထပ် |
| ၄။ | ဒေါ်အေးပုန်း(ခ)လီကျွေချင်း(ပါ-၃) | ၁၃/နမတ(ဧည့်)၀၀၀၀၂၇ | အောင်မြေသာစံ | အောင်စံ | ၁၃၆ | ၂၁-ခဲစင်း | S.S - ၁ထပ် |
| ၅။ | ဦးထွန်းထွန်းနိုင် | ၈/စလန(နိုင်)၀၆၇၅၆၁ | ချမ်းမြသာစည် | မြို့သစ်-၁ | တ-၅ | ၉ | RC - ၄ထပ် |
| ၆။ | ဒေါ်ခင်ဆန်း | ၉/ခမစ(နိုင်)၀၁၄၃၈၈ | ချမ်းမြသာစည် | ထွန်တုံး | ဓဓ-ဂ | ၆၆-ခ | S.S - ၂ထပ် |
| ၇။ | ဒေါ်နေနွယ်မောင် | ၉/မကန(နိုင်)၀၉၇၃၃၀ | ချမ်းမြသာစည် | မြရည်နန္ဒာ | မမ-၁၄-က | ၆၄ | RC - ၄ထပ် |
| ၈။ | ဒေါ်ရင်ရင်မြင့်(ခ)ချိုချိုဝင်း | ၁၃/တကန(နိုင်)၁၂၅၁၈၈ | ချမ်းမြသာစည် | မြို့သစ်-၁ | မ-၆ | ၁၃-ခ | RC - ၂ထပ် |
| ၉။ | ဒေါ်ကေသီသန်း(ပါ-၃) | ၉/မရမ(နိုင်)၀၁၀၆၇၁ | ချမ်းမြသာစည် | ဂံသာယာ | ဗ-၃ | ၇၆ | RC - ၄ထပ် |
| ၁၀။ | ဦးတင်မောင်ဝင်း(ပါ-၂) | ၉/မရတ(နိုင်)၀၄၆၈၃၇ | ချမ်းမြသာစည် | မြို့သစ်-၂ | ဆ-၄ | ၄၁+၄၁-က | RC - ၈ထပ် ပုံစံပြောင်း |
| ၁၁။ | ဦးစိုးမြင့်(ပါ-၈) | ၉/မရတ(နိုင်)၁၀၉၄၇၅ | ချမ်းမြသာစည် | တမ္ပဝတီ | ၄၉၇ | ၅၆+၅၉+၆၂+၆၃ | RC -၄ထပ်(၁)လုံး+ RC-၂ထပ်(၁)လုံး |
| ၁၂။ | ဦးသိန်းသန်း | ၅/ငဇန(နိုင်)၀၇၀၅၂၉ | ချမ်းမြသာစည် | ဂံသာယာ | ဆဆ-၂ | ၂-ခ | RC - ၃ထပ် |
| ၁၃။ | ဦးသန်းလှိုင် | ၁၃/ကမန(နိုင်)၀၂၉၃၃၂ | ချမ်းမြသာစည် | မြရည်နန္ဒာ | ဘဘ-၅ | ၆၃-က | RC - ၃ထပ် |
| ၁၄။ | ဦးယာယုံ | ၁၃/လရန(နိုင်)၁၃၇၈၈၇ | ချမ်းမြသာစည် | အောင်ပင်လယ် | ဆဆ-၅ | ၄၉ | RC - ၄ထပ် |
| ၁၅။ | ဒေါ်ခင်ပြုံးကြည် | ၉/မရမ(နိုင်)၀၇၁၄၀၈ | ချမ်းမြသာစည် | မြို့သစ်-၄ | ယ-၅ | ၆၂ခဲစင်း | RC - ၃ထပ် |
| ၁၆။ | ဦးတူယူရင်(ခ)စိုင်းရီကျော(ပါ-၂) | ၁၃/တတန(ဧည့်)၀၀၀၂၀၄ | ချမ်းမြသာစည် | တမ္ပဝတီ | ၄၈၉ | ၃၆+၃၇-က+၅၇-က | S.S - ၂ထပ် |
| ၁၇။ | ဒေါ်သန္တာအောင် | ၁၃/ကခန(နိုင်)၀၅၅၄၇၇ | ပြည်ကြီးတံခွန် | ၄ | တတ-၃၆ | ၁ | ခြံစည်းရိုး |
| ၁၈။ | ဒေါ် နီနီထွန်း | ၉/ဒအဓ(နိုင်)၀၁၈၁၁၅ | ပြည်ကြီးတံခွန် | (စ)ရတနာပုံ | ထထ-၁၉ | ၁၃ | ခြံစည်းရိုး |
| ၁၉။ | ဦးရန်နောင်စိုး | ၈/ဆပဝ(နိုင်)၀၈၇၂၈၉ | ပြည်ကြီးတံခွန် | ၄ | ထထ-၂၂ | ၂၂ | ခြံစည်းရိုး |
| ၂၀။ | ဦးအောင်မင်း | ၉/မနမ(နိုင်)၁၀၁၈၃၂ | ပြည်ကြီးတံခွန် | ရ | ပပ-၃၁ | ၃၁ | S.S - ၂ထပ် |
| ၂၁။ | ဦးစိုင်းတင်ချစ် | ၉/မမန(နိုင်)၀၀၀၆၇၉ | ချမ်းအေးသာစံ | ကဠုဏမဟီ | ၆၃၃ | ၄၉-ပ+တ | RC - ၃ထပ် |
| ၂၂။ | ဦးအောင်ဝင်း(ပါ-၂) | ၁၃/နမတ(နိုင်)၀၂၃၇၅၇ | ချမ်းအေးသာစံ | ပြည်ကြီးမျက်မှန် | ၈၀၇ | ၃၂ | RC - ၃ထပ် |
| ၂၃။ | ဦးလင်းမျိုးအောင် | ၁၁/ကဖန(နိုင်)၀၀၅၅၉၄ | ချမ်းအေးသာစံ | ပြည်ကြီးမျက်ရှင် | ၈၁၇ | ၁၆(ခဲ) | RC - ၃ထပ် |
| ၂၄။ | ဒေါ်ခင်မျိုးထွေး | ၁၃/နခန(နိုင်)၀၀၆၉၉၇ | ချမ်းအေးသာစံ | ကန်ကောက် | ၅၁၄/၂ | ၁၇၀ | RC - ၂ထပ်ပေါ် ၁ထပ်တိုး |
| ၂၅။ | ဒေါ်ခင်မြင့် | ၉/မရမ(နိုင်)၀၅၀၇၀၀ | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၅၀ | ၅၀ | RC - ၃ထပ် |
| ၂၆။ | ဒေါ်ခင်ငွေ | ၉/မကန(နိုင်)၀၅၀၆၅၄ | ချမ်းအေးသာစံ | ပြည်ကြီးပျော်နောက် | ၃၀၄ | ၁-တ(ခဲ) | RC - ၃ထပ် |
| ၂၇။ | ဦးညီညီနိုင်(ပါ-၂) | ၁/မကတ(နိုင်)၀၆၀၈၄၅ | ချမ်းအေးသာစံ | ချမ်းအေးသာစံအလယ် | ၅၈၆ | ၅၂-က | RC - ၄ထပ် |
| ၂၈။ | ဒေါ်မြတ်မွန်ဆွေ | ၈/ဆမန(နိုင်)၀၅၅၀၁၃ | ချမ်းအေးသာစံ | ပြည်ကြီးမျက်ရှင် | ၈၁၂-က | ၁-ည | RC - ၄ထပ် |
| ၂၉။ | ဦးမိုဟာမက်ဟူစိန် | ၉/အမဇ(ပြု)၀၀၀၀၉၁ | ချမ်းအေးသာစံ | ချမ်းအေးသာစံအလယ် | ၆၀၂ | ၁၄-ခ | RC - ၆ထပ် |
| ၃၀။ | ဒေါ်အေးသီတာ(ပါ-၂) | ၉/သပက(နိုင်)၀၃၈၀၄၂ | ချမ်းအေးသာစံ | ကန်ကောက် | ၅၁၄/၂ | ၁၇၉ | RC - ၄ထပ် |
| ၃၁။ | ဒေါ်ကေသွယ်ငွေ | ၉/ဒအဇ(နိုင်)၀၂၀၂၆၂ | ချမ်းအေးသာစံ | ကန်ကောက် | ၅၁၃/၃ | ၄၀၈-ခ | RC - ၃ထပ် |
| ၃၂။ | ဒေါ်ရီရီစန်း(ပါ-၄) | ၉/မရမ(နိုင်)၀၁၇၅၄၁ | ချမ်းအေးသာစံ | အောင်နန်းရိပ်သာအနောက် | ၅၆၃ | ၉(စ+ဆ+င+က(ခဲ)) | RC - ၂ထပ် (၂)လုံး |
| ၃၃။ | ဒေါ်ဇာဇာထွန်း | ၉/ဒအဇ(နိုင်)၀၆၀၉၀၁ | ချမ်းအေးသာစံ | အောင်နန်းရိပ်သာအရှေ့ | ၅၅၈ | ၃-က | RC - ၃ထပ် |
| ၃၄။ | ဒေါ်တင်အိ | ၉/မရမ(နိုင်)၀၇၁၄၁၀ | ချမ်းအေးသာစံ | ဟေမာဂီရိ | ၇၀၇ | ၇၄ | RC - ၃ထပ် |
| ၃၅။ | ဦးဘီလ်ရာဇ်(ခ)စိုးမြင့် | ၉/မထလ(နိုင်)၀၄၁၁၉၇ | ချမ်းအေးသာစံ | ဟေမာဂီရိ | ၇၀၄ | ၁၇-ခ | S.S - ၂ထပ် |
| ၃၆။ | ဒေါ်ဝင်းမော်မော် | ၉/မရမ(နိုင်)၀၅၇၉၆၉ | ချမ်းအေးသာစံ | ကန်ကောက် | B-9 | ၁(ခဲ) | S.S - ၁ထပ် (၃)လုံး |
| ၃၇။ | ဒေါ်မလေး | ၉/အမဇ(နိုင်)၀၁၃၀၅၇ | ချမ်းအေးသာစံ | ကန်ကောက် | ၅၁၄/၄ | ၄-ခ | RC - ၄ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧကအကျယ်အဝန်းရှိ မြေကွက်ထဲမှ တောင်ဘက်ခြမ်း(၂၀×၄၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧကအကျယ်အဝန်းရှိမြေကွက်မှာ ဦးမြင့်မောင်အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း(၂၀×၄၅)ပေအကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်အမည်ပေါက်သူဖြစ်သည့် ဦးမြင့်မောင်(ဘ)ဦးကံညွန့်(၉/မနတ(နိုင်)၀၂၆၃၇၀)ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းစွာဖြင့် နေထိုင်ပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မိမိတို့ဝယ်ယူပိုင်ဆိုင်ခဲ့သည့်မြေကွက်ကို အမည်ပေါက်ရရှိအောင် ရုံးဌာနအသီးသီးတို့တွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)

(တရားလွှတ်တော်ရှေ့နေများ)

(ဗ-၄/၁)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်ကြီးအမှတ်(၅)၊ ဦးပိုင်အမှတ်(၄၃)၊ ဦးကျော်ဝင်း အမည်ဖြင့် ချထားပေးသောမြေကွက်အတွင်းမှ(မြောက်ဘက်မှရေတွက်လျှင်(၂)ကွက်မြောက်၊ တောင်ဘက်မှရေတွက်လျှင် (၃)ကွက်မြောက်)၊ ဧရိယာ(၁၅×၄၀)ပေအကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေမီးအပါအဝင်) နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏အမှုသည်မှ ဝယ်ယူရန်သဘောတူထားသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်မောင်မောင် ဒေါ်အေးအေးနိုင် ဦးတင့်ဇော်ထွန်း ဒေါ်ဝေဝေကျော်

တရားလွှတ်တော်ရှေ့နေများ

၅၃(ဘီ)လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၈၃၃၇၇၅၅၊ ၀၉-၂၀၆၁၁၄၈

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၄လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားတွင်တည်ရှိသော အကွက်အမှတ်(ဥယျာဉ်တန်း-ဃ)၊ ဦးပိုင်အမှတ်(၂၆-ခ+၃၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆+၀ ဒသမ ၀၂၇၆)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးယန်ဖာခိုင်(၁၃/ကခန(နိုင်)၀၃၈၆၅၁)၊ ဒေါ်မာဘောက်(၁/မညန(နိုင်)၁၁၇၇၄၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးလှမိုး(ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်အမှတ်(၄၅)ခဲစင်း+၃၆၊ ၆၄(B)လမ်း၊ ၁၀၉(B)လမ်းနှင့် ၁၀၉လမ်းကြားရှိ ဦးမောင်မောင်မြင့်၊ ဒေါ်ခင်ခင်အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၇၆/၂၀၁၀)၊(၂၇၇၅/၂၀၁၀)တို့ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်ခင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၇၀/၂၀၁၁)၊(၂၉၇၁/၂၀၁၁)တို့ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်ငွေး(၁/မညန(နိုင်)၀၀၉၂၂၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၄၇/၂၀၁၁)၊ (၅၄၄၅/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျန့်(ခ)ဦးကြိုင်(၉/မရတ(နိုင်)၀၄၈၈၄၉)က ဂရန်စာချုပ်တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ခဲစင်းပြမြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၅)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၈၀၀/၉၀-၉၁)အရ ဦးမျိုးအောင် မှတ်ပုံတင်အမှတ်(DX-၀၃၃၃၀၈)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်နိုင်မာမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၀၀၃၁၂)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၃)၊ ဦးပိုင်အမှတ်(၁၁၀)၊ ၃၃လမ်း၊ ရေနီမြောင်းနှင့် ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ ဒေါ်နှင်းနှင်းမော်၊ ဒေါ်နုနုရီအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၁၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နှင်းနှင်းမော်(၉/မရမ(နိုင်)၀၄၀၁၅၀)က အမှုတွဲအမှတ်(၀၂၆၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၃)၊ ဦးပိုင်အမှတ်(၁၀၃-က)၊ ၃၃လမ်း၊ ရေနီမြောင်းနှင့် ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ ဒေါ်နှင်းနှင်းမော်၊ ဒေါ်နုနုရီအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၁၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နှင်းနှင်းမော်(၉/မရမ(နိုင်)၀၄၀၁၅၀)က အမှုတွဲအမှတ်(၀၂၇၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးအောင်သန်းအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်းဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်အောင်(ဘ)ဦးထွန်းအေး(၉/မရတ(နိုင်)၀၀၆၂၂၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဒေါ်အေးသီတာအောင်(LL.M) ဒေါ်စာနည်အောင်(LL.B) ဒေါ်သန်းသန်းဝင်း (LL.B)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားနေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဆွေထွန်း(ဘ)ဦးချစ်ဖေ(၉/မနတ(နိုင်)၀၆၇၅၁၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၁၀၄+၁၀၅-က)၊ ဧရိယာ(၀ ဒသမ ၀၃၉)ဧကရှိ ဒေါ်တင်တင်ဦးအမည်ပေါက်မြေကွက်၏ တောင်ဘက်ခြမ်းမှ ပေ(၂၀)ချန်ပြီး မြောက်ဘက်ခြမ်း တောင်မြောက်(၁၇)ပေ၊ အရှေ့အနောက်(၄၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ မီးမီတာ၊ ကျုံးရေတွင်းအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်တင်တင်ဦး(ဘ)ဦးကျော်ဦး(၉/မနမ(နိုင်)၀၅၇၂၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆွေထွန်း(ဘ)ဦးချစ်ဖေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ– ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးဆွေထွန်း(ဘ)ဦးချစ်ဖေ ဒေါ်ခင်မာဝင်း(ခ)မခင်လေး (LL.B,D.I.L)

၉/မနတ(နိုင်)၀၆၇၅၁၁ တရားလွှတ်တော်ရှေ့နေ

အကွက်(၁၀၃)၊ မင်းတဲအိကင်း၊ ပေါက္ကရိုရပ်၊ ၁၉လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၈၉၁၉၉၅၆၁၅၊ ၀၉-၄၄၄၀၁၇၅၃၅၊ ၀၉-၇၇၈၂၀၆၈၄၂

## ပျောက်ဆုံးကြောင်း

ဦးသက်နောင်ထွန်း(ဘ)ဦးသိန်းထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၉၈၂၅၉) ကိုင်ဆောင်သူ၏ Passport No.MA907434 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးသက်နောင်ထွန်း ဖုန်း ၀၉-၂၀၁၀၀၆၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၂၅ရက် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)တွင်ပါရှိသော အများသိစေရန်ကြေညာခြင်းတွင် ကြေညာသူ၏အမည် တရားလွှတ်တော်ရှေ့နေ ဒေါ်သူဇာထွေးအစား ဒေါ်သူဇာနွေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

(ဘ)ဦးအောင်ကျော်နိုင်၏ သမီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Dream Land Internation ကျောင်း Grade-6 မှ **မဆုဝတီဖြိုး** ၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မဆုဝတီထွန်း** ဖြစ်ပါသည်။

**မဆုဝတီထွန်း**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၇)၊ ဦးပိုင်အမှတ်(၆၀)၊ ၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆန်း(၉/မနမ(နိုင်)၀၅၀၃၄၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၆၆)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီစိုး(၉/မရမ(နိုင်)၀၅၄၈၃၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းအိလွင်(၉/ခအစ(နိုင်)၀၄၅၂၁၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

**❖ စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးဖြစ်ရန်လည်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ ငလျင်ဒဏ်ကယ်ဆယ်ရေးလုပ်ငန်းများ အပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်သွားရေးနှင့် အာဆီယံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မန္တလေးငလျင်ဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း ထိုင်းပြည်သူပြည်သားများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခဲ့မှုများအပေါ် ကျေးဇူးတင်ရှိသည့်အနေဖြင့် ဂုဏ်ပြုအမှတ်တရတံဆိပ်များကို ထိုင်းသံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



---

# MFF နွေရာသီ အခြေခံဘောလုံးနှင့်ဖူဆယ် အခမဲ့သင်တန်းများ ဒုတိယအသုတ် သင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay M21) နွေရာသီအခြေခံဘောလုံးနှင့် ဖူဆယ် အခမဲ့သင်တန်းများ ဒုတိယအသုတ် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)၊ မြက်ခင်းတုကွင်း၊ MFF Futsal Stadium တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စပွန်ဆာများ၊ MFF တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

ထို့ပြင် MFF Summer Football Skills Course 2025 (AYA Pay M21) နွေရာသီ အခြေခံဘောလုံး အခမဲ့သင်တန်း (မန္တလေး) ဒုတိယအသုတ် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကျင်းပပြုလုပ်ခဲ့သည်။

ယခုနှစ် နွေရာသီသင်တန်း MFF Summer Football Skills Course 2025 အခမဲ့သင်တန်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်မြို့များတွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(NGB)**